
နိုးနိုးစာပေ
ဖိုးအောင်လင်းထက်
ခဏလေးပါ

# အခန်း (၁)

မနက်ကတည်းက ဘာမှမစားရသေး၍ ဗိုက်တော် တော် ဆာနေသည်။ ဘတ်(စ်) ကား တိုးစီးလာရသော ကြောင့် ဝမ်းဗိုက်က ပို၍ ဟာတာတာ ဖြစ်လာ၏ ။ ထို့ကြောင့် ကျောင်းထဲရောက် ရောက်ချင်း နီစပ်ရာ ကဲနန်တင်းတစ်ခုသို့ အမြန်ဆုံးပြေးရ၏ ။ ဆိုင်ထဲရောက်တော့ သင့်တော် ရာ စားပွဲတစ်လုံးတွင် ဝင်ထိုင်ရင်း.....

"စမူဆာတစ်ပွဲ အမြန်ဆုံးချကွာ၊ လက်ဖက်ရည် ကတော့ ကျဆိမ့်ပဲပေး"

စားပွဲထိုးကောင်လေးက ခေါင်းညိတ်ပြရင် အနားမှလှစ်ခနဲပြေးထွက်သွား၏ ။ စားပွဲထိုးလေး ထွက်သွားပြီးတော့ လွယ်အိတ်ထဲက ဆေးပေါ့လိပ်တစ်လိပ်ကို နှိုက်လိုက်သည်။ ထို့နောက် မီးညှိ ၍ တစ်ချက်ဖွာထုတ်လိုက်ရင်း မီးခိုးငွေ့တွေ ကို လိုက်ကြည့်နေလိုက်၏ ။ ခဏကြာတော့ စားပွဲထိုး ကောင်လေးရောက်လာပြီး သူမှာ ထားတာတွေ ကို ချပေးရင်း ပြန်ထွက်သွား၏ ။

စမူဆာ သုံးခုလောက်ဆို ခဏချင်းပင် သူစားပစ်လိုက်သည်။ ထို့နောက် လက်ဖက်ရည်ကို တစ်ကျိုက်လောက် အားရပါးရ ကျိုက်ချလိုက်၏ ။ အခုမှပဲ ဝမ်းထဲမှာ ထကြွနေတဲ့ ပိုးပေါင်း တစ်ထောင်လောက် ငြိမ်ကာသွားတော့သည်။

သူ သက်ပြင်းကိုတစ်ချက်ချလိုက်ရင်း ဆေးလိပ်ကို ဖွာရှိုက်လိုက်မလို့ လုပ်စဉ်......

"ဘယ်တုန်းကများ ငတ်ပြတ်လာလဲ မသိဘူး၊ ခစ်.......ခစ်.....ခစ်"

"ခိ.....ခိ.....ခစ်.....ခစ်"

ကောင်မလေးတချို့ ၏ ရယ်သံကြောင့် ဖျတ်ခနဲ လှည့်ကြည့်မိ၏ ။ သူနဲ့ ဘေးချင်းကပ် လျက်ဝိုင်းလောက်တွင် ကောင်မလေးသုံးယောက် လောက် ထိုင်နေတာ တွေ့ရသည်။ သူလှည့် ကြည့်တာတွေ့တော့ သုံးယောက် လုံး မျက်နှာပိုးသတ်၍ သူတို့ရှေ့က အစားအသောက်တွေ ကို စိတ်ဝင်စားနေသလို ဟန်လုပ်လိုက်ကြ၏ ။

သူ့ကိုယ်သူ နားကြားများ လွဲသွားသလားဆိုပြီး ဆန်းစစ်ကြည့်သည်။ ခုနက ကြားလိုက်ရ သော အသံက ထိုင်တီမလေးတွေ ဆီက လာတဲ့အသံဆိုတာတော့ သေချာနေ၏ ။ သို့ သော် ထို ကောင်မလေးတွေ ကို တစ်ယောက် မှမသိ၊ ထိုကောင်မလေးတွေ က သူ့ကို နောက်ရအောင်လည်း ဘယ်လိုအကြောင်းအရင်းမှ မရှိနိုင်။

ထို့ကြောင့် မသိချင်ယောင်ဆောင်၍ မီးသေသွားသော ဆေးလိပ်ကိုသာ မီးညှိရင်း ဆက် ထိုင်နေလိုက်သည်။

"ပုံစံကိုက အူကြောင်ကြောင်နဲ့ ဂယောင်ချောက်ချားပါလား"

"ကြည့်ရတာ စိတ်မနှံ့ဘူးထင်တယ်"

ရင်ထဲမှာ ထောင်းခနဲ ဖြစ်သွား၏ ။ ထို့ကြောင့် အရင်ကထက် လျင်မြန်စွာ ချာခနဲ လှည့်ကြည့်ပစ်လိုက်သည်။

ကောင်မလေးတွေ က မခုတ်တတ်တဲ့ ကြောင်ကလေးတွေ လို ပုံစံမျိုး နှင့် ငြိမ်ငြိမ်ကလေး ထိုင်နေလျက်၊ သူလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ အူကြောင်ကြောင် ဖြစ်သွားရသည်။ ဘာ ဖြစ်လို့ သူ့ကို တိုက်ခိုက်နေမှန်းလည်း သူ နားမလည်ပေ။

ကောင်မလေးတွေ ကတော့ သူ့ထက် ငယ်ပုံရပါသည်။ ပထမနှစ် ၊ ဒါမှမဟုတ် ဒုတိယနှစ်ကောင်းသူ အရွယ်လောက်ပဲ ရှိလောက်သေးသည်။

သူလည်း ကြာရှည်စွာ ဆက်မထိုင်ချင်တော့၍ စားပွဲထိုးလေးကို လှမ်းခေါ်ကာ ငွေရှင်းပြီး ဆိုင်ထဲမှ ထွက်လာ၏ ။

"ကိုယ်တော် ကြီး ကြွသွားပြီ၊ မောင်းထုတ်ကြ.....မောင်းထုတ်ကြ"

ဒီတစ်ခါတော့ သူ လှည့်မကြည့် ဖြစ်တော့။ ရင်ထဲမှာ တော့ အကြွေးတစ်ခုအနေနှင့် တေးထားလိုက်သည်။ ဟိုကောင်တွေ နဲ့ တွေ့မှ ဒီကိစ္စကို ပြောပြရင်း တက္ကသိုလ်တစ်ခုလုံး မြေလှန်ပြီး လိုက်ရှာမည် ။

အခုတော့ အင်အားကမမှ။

သူက တစ်ယောက် တည်း။

*

"ဒါမျိုး တွေ က ဖြစ်တတ်ပါသည်။ တက္ကသိုလ်မှာ ဆိုတာ မီးများ မီးနိုင်၊ ရေများ ရေနိုင်ပဲကွ၊ မိန်းကလေးအုပ်စုများ ပြီး ယောကျ်ားလေးဘက်က တစ်ယောက် တည်းဆို ခံရတာပဲ"

စိုးငယ်က မှတ်ချက်ပြု၏ ။ ဝဏ္ဏက ခေါင်းတညိတ်ညိတ်နှင့် ထောက်ခံသည်။ ဒီကောင်တွေ နှစ် ကောင်နဲ့ တွေ ့တော့ ခုနကြုံတွေ ့ခဲ့ရတဲ့ကိစ္စကို သူက ပြောပြခြင်း ဖြစ်သည်။

သူက.....

"ငါလည်း နောက်ဆုံးနှစ် ရောက်နေပါပြီကွာ ၊ကျောင်းနဲ့ ပတ်သတ်လို့ ကျောင်းကြော နပ်နေပါပြီ၊ဒါပေမယ့် ဒီလိုအ ဖြစ်မျိုး တစ်ခါမှ မကြုံဘူးလို့ပါ"

"မင်းက သူတို့မျက်စိရှေ့မှာ ခွေးငတ်လို စားပြနေတော့ သောက်မြင်ကပ်ပြီး ပြောလိုက်တာနေမှာ ပေ့ါ"

ဝဏ္ဏက သူ့အတွေ းကို ခပ်အေးအေးပင် ထပြောလိုက်၏ ။သူက ဝဏ္ဏကို မျက်စောင်းတစ် ချက် လှမ်းခဲလိုက်ကာ......

"မင်းက ငါ့ကိုဆို ဖဲ့ဖို့ပဲ ချောင်းနေတာပဲ၊ မင်းလည်း ဒါမျိုး ကြုံရရင် ဘယ်လိုလုပ်မလဲ"

"ငါ ကတော့ မင်းလို ခံလာနိုင်မှာ မဟုတ်ဘူး၊ ချက်ချင်း ပြန်ပြောလိုက်မှာ "

"ဘာပြန်ပြောမှာ လဲ"

"တစ်ခုခုပေါ့"

သူ ဘာမှ ဆက်မပြောပြ ဖြစ်၊ စိုးငယ်က သူ့ကိုကြည့်၍ ....

"မင်းခက်"

"ဘာလဲ"

"မင်း အဲ့ဒီကောင်မလေးတွေ ကို မှတ်မိလား"

"တွေ့ရင်တော့ မှတ်မိမယ်ထင်တယ်၊ သိပ်တော့ မသေချာဘူး"

"ဒီကောင် မှတ်မိတော့ မင်းက ဘာလုပ်မလို့လဲ'

ဝဏ္ဏက ဝင်မေး၏ ။ စိုးငယ်က...

"လိုက်ရှာပြီး ပြန်ကောမှာ ပေါ့ကွ"

"နေစမ်းပါကွာ၊ တက္ကသိုလ်မှာ ကျောင်းသူတွေ အများ ကြီး၊ ဒီကောင့်ကို ပြောလိုက်တဲ့ ကောင်မလေးတွေ ကို လိုက်ရှာဖို့ဆိုတာ ကောက်ရိုးပုံထဲ အပ်ရှာတာထက်ဆိုးမယ်"

"ဒါလည်း ဟုတ်တာပဲ"

ဟု စိုးငယ်က ရေရွတ်လိုက်သည်။ ထို့နောက် သူတို့ ထိုင်နေသည့် စာသင်ခန်းထဲ ဆရာဝင်လာ၍ စကားစ ပြတ်သွားကြသည်။ စာအုပ်ထုတ်ရင်း။ စာသင်ရင်း၊ စကားပြောရင်းနှင့် ထိုကိစ္စသည် ရင်ထဲမှာ ခဏခြင်းပင် ပျောက်ကွယ်သွားသည်။

ကျောင်းတွေ က အခုမှ စဖွင့်တာဆိုတော့ ဆရာက သူတို့ကို စာအနည်းအကျဉ်းသာသင်၍ တခြားအာလာပသလ္လာပ မိတ်ဆက်စကားများ ပြောကာ ပြန်ထွက်သွားလေသည်။

သူတို့ ဒီတစ်ချိန်ပြီးလျှင် ပထမနှစ် တွေ ဘက် ခြေဦးဆန့်ကာ ဖရက်ရှာလေးတွေ ကို သွားကြည့်ဖို့ တိုင်ပင်ထားကြလေတော့သည်။

*

ဘယ်မေဂျာကို အရင်သွားမလဲဟု စဉ်းစားလိုက်တော့ အင်္ဂလိပ်မေဂျာ ပထမနှစ်ထက် ခြေဦးဆန့်ဖို့ စဉ်းစားလိုက်၏ ။ထို့နောက် သုံးယောက် သား ပထမနှစ် ရှိရာ အဆောင်ဘက်သို့ ရောက်လာကြသည်။ ဟိုရောက်တော့ အခန်းထဲက ကောင်တွေ တော်တော် များများ ကို ကော်ရစ် တာမှာ အုပ်စုဖွဲ့ကြီး ရစ်သီရစ်သီ လုပ်နေတာ တွေ့လိုက်ရတော့သည်။

"ဟာ.....ဟေ့ကောင်တွေ လာကြ၊ မင်းတို့က နောက်ကျလိုက်တာ။ အခုမှ ရောက်လာတာ လား"

အသံလာရာ လှမ်းကြည့်လိုက်တော့ ချစ်ထူးလွင်။ ဒီကောင်က ဒီလိုပွဲမျိုး ဆို ရှေ့ဆုံးက ပါနေကြ။

"ချစ်ထူး မင်းရှူးပြီးပြီလား၊ ဘယ်လိုလဲ....ဘယ်သူအလှဆုံးလဲ"

"လှတာတွေ ကတော့ များ လွန်းလို့ ဘယ်သူ့ ကွင်းပေးရမှန်း တောင် မသိပါဘူးကွာ၊ ဒီနှစ် က မနှစ် ကထက် လက်စောင်းထက်တယ်ကွ"

ချစ်ထူးက ဝမ်းခေါင်းသံကြီးနှင့် အားရပါးရ ပြောသည်။ကျောင်းသားကိစ္စ ၊ မိန်းမကိစ္စ၊ ကောင်မလေးကိစ္စ ပြောရမည် ဆိုလျှင် သူမှာ မမောနိုင်....မပန်းနိုင်။

"မောင်မယ်သစ်လွင် ကြိုဆိုပွဲကျရင် ပထမနှစ် ကကောင်တွေ တော် တော် အလုပ်ရှုပ်မဲ့ကိန်း ကွ၊ ငါ အခုချိန်ထိ သုံးသပ်ရသလောက် ကွင်းရနိုင်ချေရှိတာ ခြောက်ယောက် လောက်ရှိတယ်"

"ဟုတ်လား"

ဝဏ္ဏက စကားထောက်ရင်း First Year လေးတွေ အခန်းထဲသို့

မျက်စိဝေ့ကြည့်၏ ။

"ဟုတ်တယ်....အဖြူလေး လေးယောက် ၊ အညိုလေး နှစ် ယောက် "

"မင်းဟာက အတိအကျပါလား"

"ဟဲဟဲ....နာမည် တွေ တောင် စုံးစမ်းပြီးပြီ"

"မင်းကိုတော့ ယုံပါတယ် ချစ်ထူးရာ"

ထိုအချိန်မှာ ကောင်မလေးသုံးယောက် လောက် သူတို့ အနားက ဖြတ်သွားသည်။ချစ်ထူးက အလယ်က ကောင်မလေးကို ကြည့်၍ .......

"အဲဒါ အိန္ဒြာဦးတဲ့၊ သူလည်း ငါ တစ်ပေးထားတဲ့ အထဲမှာ ပါတယ်"

သုံးယောက် လုံး ထိုကောင်မလေးကို ကြည့်လိုက်သည်။အသားဖြူဖြူနှင့် ဆံပင်ကို ရွှေရောင် လေးတွေ ဆိုးပြီး ကောက်ကာထား၏ ။ ခေတ်ရေစီးကြောင်း အလိုက် ဝတ်စားဆင်ယင်မှု နှင့်အတူ လွင့်လွင့်ကြွကြွ လှပနေတာ တွေ ့ရ၏ ။

ချစ်ထူးက......

"မင်းတို့ရော ဘယ်လိုသဘောရလဲ"

"မဆိုးပါဘူး၊ဒါပေမယ့် ရင်မခုန်လောက်သေးဘူး"

"လှပါတယ်၊ ဒီထက်လှတာတွေ ရှိဦးမယ်ထင်တယ်"

စိုးငယ်နဲ့ ဝဏ္ဏက ပြော၏ ။ သူ ကတော့ ခပ်ဆိပ်ဆိပ်ပင်နေလိုက်သည်။ ချစ်ထူးက သူ့ ဘက်ကြည့်၍ ......

"မင်းခက် ဘာလို့ငြိမ်နေတာလဲ"

သူက ချစ်ထူးဘက်ကြည့်၍ ....

"လှပါတယ်ကွာ..."

ဟု ပြောလိုက်လေတော့သည်။ ထိုတော့မှ ချစ်ထူးက ပြုံး သွားသည်။

ထို့နောက်...

"ဒီလောက်ဆို တော် လောက်ပြီကွာ၊ တခြားမေဂျာတွေ ဆီ လစ်ရအောင်"

ချစ်ထူး အကြံပေးချက်ကို ဘယ်သူမှ မငြင်း။ ထို့ကြောင့် အင်္ဂလိပ်မေဂျာမှခွာ၍ တခြားမေဂျာဆီ ခြေဦးလှည့်လိုက်တော့သည်။

*

# တစ်ပတ်ခန့်ကြာသော် .....

*

# အခန်း (၂)

'ဧကရီ' ဒီနေ့မနက် အစောကြီး နိုးနေသည်။ အိပ်ရာမှ ထထချင်း ရေချိုး ခန်းထဲသို့ ဝင်ကာ မျက်နှာသစ်၊ သွားတိုက်ပြီး ရေချိုး လိုက်၏ ။ မနက်ခင်း အေးမြသော ရာသီဥတုတွင် ရေပူရေနွေးလေးစပ်ပြီး ချိုး လိုက်သော ကြောင့် တစ်ကိုယ်လုံး နွေးထွေးသွားသလို ရှိသွား၏ ။ ထို့ နောက် အဝတ်အစားလဲ၊ အလှပြင်ရန် မှန်တင်ခုံရှေ့ ထိုင်လိုက်သည်။

ဒီနေ့ ကျောင်းမှာ မောင်မယ်သစ်လွင် ကြိုဆိုပွဲနေ့၊ ထို့ကြောင့် ဝတ်သွားမည့် အဝတ်အစားကို ညကတည်းက အဆင်သင့်ပြင်ထားပြီးသား၊ သူမကို အတန်းထဲက ကျောင်းသား တွေ က ဒီနှစ် ရဲ့ အလှမယ်ဘွဲ့ရမည် ဟု အမှတ်ပေးထားပြီးသား၊သူမအပြင် ကျန်တဲ့ နှစ် ယောက် လောက်ကိုလည်း သူတို့တွေ အပြိုင်အဆိုင် အမှတ်ပေးထားကြသည်။ ထို့ကြောင့် ဒီနှစ် အတွက် အလှမယ်ဘွဲ့ (Queen) ကို ဘယ်သူရမလဲဆိုတာ အားလုံးက စိတ်ဝင်စားနေကြသည်။

သူမ သူငယ်ချင်းတွေ ကလည်း ကျန်တဲ့နှစ် ယောက် နဲ့ ယှဉ်လျှင် သူမပဲ (Queen) ရလိမ့် မည် ဟုမှတ်ချက်ပြုကြသည်။ ဘာပဲ ဖြစ် ဖြစ် ဒီနေ့သည် (Queen) ရွေးမည့်နေ့၊ ထို့ကြောင့် ဘယ်သူ မေဂျာရဲ့ Queen ဖြစ်မလဲဆိုတာ အဖြေသည် ဒီနေ့ထွက်မည် ဖြစ်သည်။ထို့ကြောင့် ဒီနေ့သည် အရေး ကြီး၏ ။

သူမ ပါးပြင်လေးပေါ်သို့ အောက်ခံနိုင်ငံခြား ဖြစ် မိတ်ကပ်ခပ်ပါးပါးလေးတစ်ထပ် ဖုံးအုပ်လိုက်တယ်။ ထို့နောက် ခြယ်သစရာ ရှိသည်များ ကို အဆင့်ဆင့် ထပ်မံခြယ်သသွားလိုက်၏ ။ အတော် လေးကြာတော့ သူမမျက်နှာလေးသည် နဂိုရှိရင်းစွဲအလှထက် ပိုမိုလှပသွားတာ ကြေးမုံပြင် ကတစ်ဆင့် တွေ့လိုက်ရလေသည်။

သူမ ကျေနပ်သွားသည်။ ထို့နောက် ညက ထုတ်ထားသော အဝတ်အစားတွေ ကို ဆင်ယင် ပစ်လိုက်တော့ ........

"အိုး......ချောလိုက်တာ"

သူမကိုယ်သူမ မှန်ထဲကြည့်ပြီး တစ်ကိုယ်တည်း တိုးတိုးလေး ရေရွတ်ပစ်လိုက်၏ ။ ပြီးတော့ ဘေးဘီဝဲယာကို တစ်ချက်ကြည့်ပြီး ရှက်ကိုးရှက်ကန်းလေး ဖြစ်သွားရလေ၏ ။ သူမ အခန်းထဲမှာ သူမက လွဲလို့ ဘယ်သူမှမရှိ၊ ထို့ကြောင့် လွတ်လွတ်လပ်လပ်ပင် ခန္ဓာကိုယ်တစ်ပတ်လှည့်၍ ကိုယ့် ကိုယ်ကိုယ် မှန်မှတစ်ဆင့် အားရပါးရ ကြည့်ပစ်လိုက်သည်။

သူမ ဝတ်ဆင်ထားသော စကတ်ထဘီလေးနှင့် အင်္ကျီလေးက သူမခန္ဓာကိုယ်အလှနှင့် ကပ်လျက်၊ ပြီးတော့ လှပသော ခန္ဓာကိုယ်ကောက်ကြောင်းကို ထင်းထင်းလင်းလင်း ပေါ်လွင်စေ လျက်....

"အင်း......ဟိုမိန်းမတွေ ပြောသလိုပဲ ကွင်း ဖြစ်မယ် ထင်တယ်"

သူမ ဒုတိယအကြိမ် ကိုယ့်ကိုယ်ကိုယ် ချီးမွမ်းခန်းဖွင့်ရင်း ဝက်ဝံရုပ်ကျောပိုးအိတ်လေးကို လွယ်ကာ အခန်းထဲမှ ထွက်လာခဲ့လိုက်ပါတော့သည်။

အိမ်ရှေ့ရောက်တော့ သူမမာမီကို ဧည့်ခန်းမှာ ကြက်မွေးတစ်ချောင်းနဲ့ အလုပ်ရှုပ်နေတာ တွေ့ရ၏ ။ မာမီက အခုချိန်ထိ သမီးနဲ့ အပြိုင် လှမြဲ၊ ပမြဲ။

"ဟယ်.....ငါ့သမီးလေးက လှလိုက်တာ၊ကျောင်းသွားတော့ မလို့လား"

"ဟုတ်....မာမီ၊ ဒီနေ့ ဖရက်ရှာ ဝဲ(လ်) ကမ်းလေ"

"သိတယ်....သိတယ်၊မာမီသိတယ်၊ ဖရက်ရှာ ဝဲ(လ်)ကမ်းမှာ ငါ့သမီးလေးပဲ ကွင်းရမှာ ပါ။ မာမီတုန်းကလည်း မေဂျာကွင်းရော ယူနီဗာစီတီကွင်းရော မာမီပဲ ရခဲ့တာလေ။ မာ့မီသမီးလေးက မာ့မီခြေရာ နင်းမဲ့သမီးလေးပါ"

"Thanks မာမီ၊ ဒါနဲ့ ဒယ်ဒီရောဟင်"

"ကုမ္ပဏီ သွားတယ်လေ သမီးရဲ့ "

"ဒါဆို သမီးသွားတော့မယ်နော်"

"OK......OK....Good Luck ပါ"

"ဟုတ်"

သူမ ကားသော့ ယူပြီး ခြံထဲက ကားမောင်းထွက်လာခဲ့သည်။ လမ်းမှာ ဆူစီနဲ့ ကတ်သရင်းကို ဝင်ခေါ်ရဦးမည် ဖြစ်၏ ။သူမတို့ဆီမှာ ကိုယ်ပိုင်ကားတွေ ကိုယ်စီရှိကြသော လည်း ဒီနေ့တော့ သူမကားနဲ့ပဲ အကုန်စုသွားဖို့ သဘောတူထားကြ၏ ။ ပြီးတော့ လမ်းမှာ Break fast အတူတူ ဝင်စားကြမည် ။

ကျောင်းက ကဲန်တင်းတွေ က မနက်ပိုင်းဆို လူကျပ်လွန်း၏ ။

*

'မင်းခက်' ဒီနေ့ အိပ်ရာကို တော် တော် လေး နောက်ကျမှ နိုးသည်။ ဒီနေ့မှ နောက်ကျတယ်ဆိုတော့ အရင်နေ့တွေ က စောသလားဟု မေးစရာရှိသည်။ အရင်နေ့တွေ လည်း မစောပါ၊ သို့သော် ဒီနေ့ထက်တော့ နည်းနည်းစောသည်ဟု ဆိုနိုင်သည်။

အိပ်ရာမှ နိုးနိုးချင်း အိမ်နောက်ဖေးအုတ်ကန်ကိုသွားကာ မျက်နှာ အရင်သစ်လိုက်သည်။ ထို့နောက် ရေကို ကမန်းကတန်း ချိုး ၍ အခန်းထဲသို့ ပြေးဝင်လာလိုက်၏ ။

"ဆပ်ပြာရော တိုက်ရဲ့ လား ငါ့တူရယ်။ မင်းကိုကြည့်လိုက်ရင် အမြဲတမ်း ရှန်းရင်ဆန်ခတ် ဖြစ်နေတာပဲ"

"ကျောင်းနောက်ကျနေပြီ ဦးလေးရ၊ နောက်နေ့ကျမှ ပိုတိုက်လိုက်မယ်"

မင်းခက် ဦးလေးက ထိုင်ခုံမှာ ဆေးတံဖွာရင်း ခေါင်းတညိတ်ညိတ်လုပ်ကာ ကြည့်နေ၏ ။ ခဏကြာတော့ မင်းခက် အခန်းထဲက ပြန်ထွက်လာသည်။ တိုင်မှာ ချိတ်ထားတဲ့ လွယ်အိတ်ကိုယူ၍ အခန်းထဲ ပြန်ဝင်သွား၏ ။ မင်းခက် ဦးလေးက သူ့တူကို ကြည့်ရင်း

သက်ပြင်းချ၏ ။

မင်းခက် အခန်းထဲရောက်တော့ အဝတ်အစားလဲဖို့ ဗီရိုကိုဖွင့်လိုက်သည်။ ဗီရိုထဲမှာ မီးပူမ တိုက်ရသေးသော အဝတ်အစားတွေ လုံးပြီး ထည့်ထားတဲ့ အထုပ်က ဖုတ်ခနဲ ပြုတ်ကျလာ၏ ။ ထို့ နောက် ဗီရိုအနှံ့ လျှောက်ကြည့်သည်။ မီးပူတိုက်ပြီးသား အဝတ်အစားတစ်စုံမှုမရှိ။ ထို့ကြောင့် ခုန ပြုတ်ကျလာတဲ့ အထဲကပဲ သင့်တော် ရာ ပုဆိုး၊ အင်္ကျီတစ်ထည် ကောက်စွပ်၍ ဆံပင်ကို လက်နဲ့ သပ်ကာ အခန်းထဲမှ ပြန်ထွက်လာပါတော့သည်။

အပြင်ရောက်တော့ သူ့ဦးလေးကို ထိုင်ခုံမှာ ထိုင်လျက်သားပင် တွေ့ ရ၏ ။ မင်းခက်က သူ့ဦးလေးကို ကြည့်လိုက်ကာ.....

"ကျွန်တော် သွားပြီ ဦးလေး"

"နေဦး"

မင်းခက် လှမ်းတဲ့ခြေထောက် တန့်သွားသည်။ ထို့နောက် မင်းခက်ဦးလေးက စားပွဲပေါ်တင် ထားသော သော့တစ်ချောင်းကို ပစ်ပေးလိုက်သည်။ မင်းခက်က ယောင်နနနဲ့ ဖမ်းလိုက်ပြီး...

"ဘာလဲ ဦးလေး"

"သိချင်ရင် အိမ်ပြင်ထွက်ကြည့်"

မင်းခက် သော့ကိုကိုင်၍ အိမ်ပြင်ထွက်လာခဲ့သည်။ အိမ်ရှေ့ ရောက်တော့ မောင်းတိန်းအမျိုး အစား စက်ဘီးတစ်စီးကို တွေ့ လိုက်ရ၏ ။

"ဟာ....."

မင်းခက် ရုတ်တရက် ဝမ်းသာသွားလေသည်။ သူ့ဘဝမှာ မောင်းတိန်းဘမ်း စက်ဘီးတစ်စီး လိုချင်ခဲ့တာကြာပြီ။ သို့ သော် ဘယ်သူမှ မဝယ်ပေး၍ အသာငြိမ်နေခဲ့ရ၏ ။ အခုတော့.....

"ဟာ.....ဦးလေး.....ဒါ......ဒါ"

"မင်းကို ငါဝယ်ပေးတာလေကွာ၊ မင်းဖိုင်နယ်ရောက်ရင် ငါဝယ်ပေးမယ်လို့ ကတိပေးထား တာပဲ"

"ဦးလေးက ကတိတည်သားပဲဗျ၊ ကျွန်တော် က ဝယ်ပေးမယ်တောင် မထင်ဘူး"

"ခွေးကောင်....မင်းက ငါ့ကိုများ ဘာမှတ်နေလဲ"

မင်းခက် စက်ဘီးပေါ်ကို ခွထိုင်ပစ်လိုက်သည်။ ထို့နောက် ခြေနင်းတံကို နင်းပြီး ထွက်မလို့လုပ်စဉ်......

"ဟေ့ကောင် သော့ ခတ်ထားတယ်လေ၊သော့ ဖြုတ်ဦး"

"ဩော်....ဟုတ်သားပဲ ဟီးဟီး၊ အပျော်လွန်သွားလို့.....အပျော်လွန်သွားလို့"

စက်ဘီးပေါ်ကဆင်းပြီး သော့ ဖြုတ်သည်။ ထို့နောက် စက်ဘီးကို ပျော်ရွှင်စွာ နင်းကာ အိမ်ထဲမှ လှမ်းထွက်လိုက်ပါတော့သည်။

"ဟေ့ကောင် ကားတွေ လည်း ကြည့်သွားဦး"

"ဟုတ်ကဲ့.....စိတ်ချပါ"

မင်းခက် ပြန်အော်ကာ စက်ဘီးကို ကတ္တရာလမ်းပေါ်ထိုးတင်ပစ်လိုက်၏ ။

သူ့ဘဝက စက်ဘီးအသစ်နှင့် နေ့ချင်းညချင်း ဘဝအပြောင်းအလဲ သွားပြီ ဖြစ်သည်။ အရင်ကလို ကျောင်းမှအိမ် ငါးမှတ်တိုင်လောက် အကွာအဝေးကို ဘတ်(စ်)ကားစီးသွားစရာမလို တော့။ စက်ဘီးစီး၍ ကျောင်းတက်နိုင်ပြီ။

ဒီနေ့ ဟိုကောင်တွေ ဆီ အရင်သွားမည် ဟု တွေ းထားလိုက်၏ ။

ဟိုကောင်တွေ ဘယ်မှာ ရှိနိုင်မလဲ။

စဉ်းစားလိုက်တော့မှ ဒီနေ့ မောင်မယ်သစ်လွင် ကြိုဆိုပွဲဆိုတာ သတိရလိုက်၍ .......

"ဒါဆို First Year တွေ ဘက်မှာ ရှိမယ်"

*

ကျောင်းရောက်တော့ 'ကား' ကို ကားပါကင်မှာ အရင်ထိုးလိုက်သည်။ ဆူစီနှင့် ကတ်သရင်းက သူမနဲ့ အတူ ကားပေါ်မှ ဆင်းလာကြသည်။ ဒီနေ့ မောင်မယ်သစ်လွင် ကြို ဆိုပွဲဆို တော့ သူမတို့မေဂျာအဆောင်ရှေ့မှာ ကျောင်းသား၊ ကျောင်းသူတွေ နှင့် ရှုပ်ယှက်ခက်နေ၏ ။ အတန်းကြီးကျောင်းသားများ လည်း ရှိသလို၊ သူတို့မေဂျာ ပထမနှစ် မှ ကျောင်းသူ၊ ကျောင်းသားများ လည်းရှိ၏ ။ သူမတို့ မေဂျာအဆောင် အဝင်ပေါက်ဝတွင် "အင်္ဂလိပ်စာမေဂျာ မောင်မယ်သစ်လွင်ကြိုဆိုပွဲ" ဟု စာတန်းရေး ထိုးထားသည်ကို တွေ့ရ၏ ။ ဒီနေ့၏ ထူးခြားချက်မှာ ကျောင်းသူများ သူ့ထက်ငါ အပြိုင်အဆိုင် လှပအောင် ဝတ်စားဆင်ယင်လာကြခြင်းပင် ဖြစ်၏ ။

"ကေရီ ငါတို့ ဝင်ကြရအောင်။ တော်ကြာ နောက်ကျဦးမယ်"

ကတ်သရင်းက ပြောလိုက်သည်။ ကေရီက ကတ်သရင်းနှင့် ဆူစီကိုကြည့်၍ ......

"ငါ့ပုံစံ ဘယ်လိုလဲ၊ အဆင်ပြေလား ကြည့်ပေးပါဦး"

"အမလေး ပြေပါတယ်......ပြေပါတယ်၊ ငါ့သူငယ်ချင်းက ချောလှပြီးသား၊ ဘာမှ မပြင်ဆင် ဘဲ လာရင်တောင် နင်ပဲကွင်းရမှာ သေချာတယ်"

"ခစ်....ခစ်.....ခစ်.....ခစ်"

ဆူစီ၏ စကားကြောင့် ကေရီ သဘောကျစွာ ပြုံး မိ၏ ။ သူမကိုယ် သူမလည်း အားရကျေနပ်သွားမိသည်။ ထို့နောက် ကြွရွသော ခြေလှမ်းများ နဲ့ အဆောင်ထဲသို့ လှမ်းဝင်ရန် ခြေလှမ်းစလိုက်ပါတော့သည်။

ထိုအချိန်တွင် ....

“ဘေးကို.....ဘေးကို...ဘေးကို”

အသံနဲ့အတူ စက်ဘီးတစ်စီး အရှိန်နဲ့ လှမ်းဝင်လာ၏ ။ သူမလည်း စက်ဘီးကို တွေ့လိုက်စဉ် လှမ်းလက်စခြေလှမ်းကို တုံ့ခနဲ ရပ်ပစ်လိုက်သည်။ စက်ဘီးသည် သူမရှေ့က ပွက် ကာသီကာ နှင့်အရှိန်ပြင်းစွာ ဖြတ်ထွက်သွားလေတော့သည်။

“ဖြဲ”

“ဟင်”

ရုတ်တရက် ဖြစ်ပေါ်သွားသော အခြေအနေကြောင့် သူမ ခေါင်းနပန်း ကြီးသွားသည်။ စက်ဘီးက ဖြတ်ထွက်သွားစဉ် သူမ ထဘီစနှင့် စက်ဘီးဒေါက်များ ငြိသွား၍ ထဘီအောက်နားစ ပြဲ ထွက်သွားခြင်း ဖြစ်၏ ။

“ဟယ်......လုပ်ပါဦး”

သူမ စကတ်ထဘီ အောက်နားစသည် ခြေမျက်စိနားမှစ၍ အပေါ်သို့ တစ်တောင်သာသာ လောက် ဟက်တက်ကြီး ကွဲသွားလေသည်။ စက်ဘီးသမား ကတော့ ထိုအခြင်းအရာကို မမြင်ဘဲ အရှိန်နှင့် ရှေ့ဆက်နင်းသွားလေတော့၏ ။

“ဟယ်.....မိုက်ရိုင်းလိုက်တာ ကြည့်စမ်း....ကြည့်စမ်း၊ ဒါ သက်သက်လုပ်သွားတာ”

“ဟုတ်တယ်၊လူ တစ်ယောက် လုံး လာနေတာတောင် မမြင်ရအောင် ဘာတွေ အရေး ကြီး နေလဲ မသိဘူး”

ကက်သရင်းနှင့် ဆူစီက စက်ဘီးသမားကို လှမ်းကြည့်ကာ ဒေါသတကြီးနှင့် ပြော၏ ။ ထို့နောက် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘဲ တွေ တွေ ကြီးရပ်နေသော ဧကရီကိုကြည့်၍ ......

“ဘယ်လိုလုပ်မလဲဟဲ့၊ နင်ထဘီကြီး ကွဲသွားပြီ”

ဧကရီ တောက်တစ်ချက် ပြင်းထန်စွာ ခေါက်လိုက်ပြီး ထိုနေရာမှ ကားဆီသို့

ချာခန် လှည့်ထွက်လိုက်၏ ။

"တောက်"

"ဟဲ့...ဟဲ့ ဧကရီ"

ကက်သရင်းနှင့် ဆူစီက သူမနောက်သို့ အတင်းလိုက်ဆွဲ၏ ။ ဧကရီ ကားပေါ်သို့ တက် လိုက်တော့ သူမတို့နှစ် ယောက် ပါ လိုက်တက်ကြသည်။

ဧကရီက ကားကို ထိုနေရာမှ ဂူးခန် မောင်းထွက်လိုက်သည်။ ထို့နောက် ခုန စက်ဘီး ထွက် သွားတဲ့နောက်သို့ အမြန်မောင်း၍ လိုက်ပါတော့သည်။

ခဏကြာတော့ သစ်ပင်ရိပ်တစ်ခုတွင် စက်ဘီးရပ်ထားတာ တွေ့ရသည်။ လူတော့ မရှိပေ။

ဧကရီ ဒေါသထွက်ထွက်နှင့် စက်ဘီးကို တစ်ခုခုလုပ်ဖို့ ဆင်းတော့....

"ဟဲ....ဟဲ့ စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့ ဧကရီရယ်၊ ငါတို့ ကြားက တောင်းပန်ပါတယ်"

"ဟုတ်ပါတယ်ဟာ ငါတို့လည်း မြင်ပါတယ်၊ ဒါပေမဲ့ ကိုယ်က မိန်းကလေးဆိုတာ သတိရဦးလေ"

"ဒီကောင့်ကိုငါ တစ်ခုခု ပြန်လုပ်ရမှ ကျေနပ်မယ်"

"အခု လူမှမတွေ့တာ နင်တို့အမြင်ပဲ"

"ဒီကောင့် စက်ဘီးက ဒီနားမှာ ရပ်ထားပုံထောက်ရင် ငါတို့မျှော်ပဲ ဖြစ်မှာ ပါ၊ နောက်တော့မှ ရှာရင် ရပါတယ်"

ဧကရီ ဘာမှ ပြန်မပြောတော့၊ စက်ဘီးကိုသာ သေချာစိုက်ကြည့်၍ မှတ်ထားလိုက်ပါတော့ သည်။ ထို့နောက် ကားကို ထိုနေရာမှ ဂူးခန် မောင်းထွက်လာခဲ့ပါတော့၏ ။

“နင်ဘယ်သွားမလို့လဲ”

ဆူစီက မေးတော့...

“အိမ်ပြန်မယ်”

“ဟင်......ဒါ......ဒါဆို ကျောင်းမတက်တော့ဘူးလား”

အားလုံး ငြိမ်နေကြသည်။ ဧကရီမျက်ဝန်းတွင် ခံစားချက်ကြောင့် မျက်ရည်တွေ ဝိုင်းကာနေ၏ ။

“တောက်...ဒီကောင့်ကို ငါ ဘယ်တော့မှ မကြည့်ဘူး”

တောက်တစ်ချက် ပြင်းထန်စွာ ခေါက်ပစ်လိုက်သည်။ ဒီနှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့်တော့ဝေးပြီး အိမ်ပြန်ရောက်ပြီးမှတော့ ကျောင်းကို ဒုတိယတစ်ခေါက် ပြန်မလာစေချင်တော့။

ထို့ကြောင့် ဒီနှစ် ကွင်းရွေးသည့် စာရင်းထဲတွင် သူမ အဝတ်အစားလဲပြီး ပြန်လာရန် တိုက် တွန်းသေးသည်။

သို့သော် သူမက....

“တော် ပါပြီဟာ၊ ငါက ကိစ္စတစ်ခုခုကို နှစ် ခါ ပြန်မလုပ်ချင်ဘူး၊ ဒီနေ့အဖို့ စစလာချင်းထဲက ကံမကောင်းတော့ စိတ်ရှုပ်သွားပြီး ပြန်လာလည်း ပျော်ရတော့မှာ မဟုတ်ဘူး”

ကက်သရင်းနှင့် ဆူစီက ဘာမှ ပြန်မပြောဘဲ အသာငြိမ်နေလိုက်ပါတော့၏ ။

*

စက်ဘီးသော့ ကလေးကို လှည့်ကာလှည့်ကာနှင့် ကဲန်တင်းထဲ ဝင်လာတော့

စိုးငယ်နှင့် ဝဏ္ဏက သူ့ကိုကြည့်၍ ........

"သော့တွေ ဘာတွေ ဆောင်လို့ပါလား။ ဘာလဲ ဝက်ရှူးပြန် ရောဂါ ပြန်ထနေပြီလား"

သူ ဘာမှမပြောဘဲ ခပ်တည်တည်နှင့် ဝင်ထိုင်လိုက်၏ ။စိုးငယ်နဲ့ ဝဏ္ဏအပြင် ချစ်ထူးလည်း ပါသည်။ ချစ်ထူးက သူ့ကို ကြည့်၍ ......

"မင်းက ကားဝယ်လိုက်ပြီလား"

"ဘယ်က ကားဝယ်ရမှာ လဲ၊ ငါက အဲဒီ လောက် မချမ်းသာသေးပါဘူးကွာ"

"မသိပါဘူးကွာ၊ သော့ကိုင်လာတယ်ဆိုတော့ ကားများ ဝယ်လိုက်ပြီလားလို့"

"စက်ဘီးကွ.....စက်ဘီး ဝယ်လိုက်တာ"

"ဟုတ်လား....ဘယ်မှာ ရပ်ထားလဲ"

"ဟိုအောက်က သစ်ပင်အောက်မှာ "

ထို့နောက် စားပွဲထိုးကောင်လေး ရောက်လာ၍ စကားစပြတ်သွားကြသည်။ မင်းခက်က လက်ဖက်ရည်တစ်ခွက်မှာ ၍ ......

"ဒါနဲ့ မင်းတို့ ဖရက်ရှာလေးတွေ ဆီ ရောက်လာပြီးပြီလား"

"မရောက်သေးဘူးကွ၊ မင်းကို စောင့်နေတာ"

ထို့နောက် မှာ ထားတဲ့ လက်ဖက်ရည် ရောက်လာ၍ တစ်ငုံသောက်လိုက်သည်။ ပြီးတော့ စကားစမြည် ဆက်ပြော ဖြစ်ကြ၏ ။

"စက်ဘီးက ဘယ်သူ ဝယ်ပေးတာလဲ"

စိုးငယ်က ခုနစကားကို ပြန်ဆက်သည်။ သူက....

"ဦးလေး ဝယ်ပေးထားတာကွ"

“မင်းဦးလေးက မင်းကိုချစ်သားပဲ”

“သူက ငါ နောက်ဆုံးနှစ် ရောက်ရင် ဝယ်ပေးမယ်လို့ ပြောထားတာကွ”

“အင်းပေါ့လေ....တစ်ဦးတည်းသော တူလေးဆိုတော့ ချစ်မှာ ပေါ့”

“ချစ်သာ ချစ်တာပါကွာ၊ ငါနဲ့ အမြဲတမ်း တကျက်ကျက်ပါ”

“ဒါ ကတော့ လူပျိုကြီးနဲ့ ထုံးစံအတိုင်း ဂွတီးဂွကျတော့ ရှိမှာပေါ့ကွာ”

“မင်းကလည်း အချိုး ပြေလို့လား”

ဝဏ္ဏက စိုးငယ်စကားကို ဝင်ထောက်၏ ။ မင်းခက် ပြုံး နေလိုက်သည်။ ဒီကောင်တွေ ပြောသလို သူ့ဦးလေးက သူကိုတော့ ချစ်ရှာသည်။ တစ်ဦးတည်းသော တူလေးမို့ အစစအရာရာ တတ်နိုင်သလောက် အလိုလိုက်ရှာ၏ ။

ထို့နောက် ကဲန်တင်းမှထ၍ ဖရက်ရှာ ဝဲလ်ကမ်းရှိရာသို့ ထွက်လာခဲ့လိုက်ပါတော့သည်။ ဖရက်ရှာဝဲလ်ကမ်း လုပ်နေ၍ အဆောင်ရှေ့တွင် ကျောင်းသူ၊ ကျောင်းသားတွေ တရုံးရုံး။

“ကောင်မလေးတွေ မိုက်တယ်ကွာ”

ဟု ချစ်ထူးက ရေရွတ်လိုက်ပါတော့၏ ။

*

# အခန်း (၃)

ဖရက်ရှာ ဝဲလ်ကမ်း ပြီးသွားတာ (၃) ရက်လောက်တောင် ရှိသွားပြီ ဖြစ်သည်။ မေဂျာအလိုက် ကွင်းနဲ့ကင်းတွေ လည်း ရွေးပြီးသွားပြီ ဖြစ်၏ ။ အများ မျှော်မှန်းထားသလို ဧကရီသည် မေဂျာ၏ အလှဘုရင် မဘွဲ့ကို မရရှိခဲ့။ ထိုနေ့က သူမ မလာ ဖြစ်၍ သူမနဲ့ အပြိုင် နာမည် ကြီးနေ သော ဟေမန်ဆောင်း ဆိုသည့် ကျောင်းသူ တစ်ယောက် ရရှိသွား၏ ။ ထိုကိစ္စနဲ့ပက်သက်ပြီး ဧကရီ သည် လုံးဝမကျေနပ်။ ဖရက်ရှာဝဲလ်ကမ်းနေ့က သူမ အရှက်ကိုခွဲသွားသည့် စက်ဘီးနဲ့ ကောင်ကို ရင်ထဲမှာ အငြိုး ထားနေလိုက်သည်။

"တောက်.....ဒီကောင့်ကြောင့် ငါ ကွင်းမရတာ "

"ဟုတ်ပ့ါ....အမှန်တကယ်ဆို နင်ပဲ ကွင်း ဖြစ်ရမှာ ဟ၊ ဟို ဟေမန်ဆောင်းဆိုတဲ့ ဟာမကလည်း သူ့ရုပ်သူမှ အားမနာ၊ နင့်လောက် မလှဘူးဆိုတာလည်း သိလျက်သားနဲ့ သူကွင်း ရတာ နဲ့ ပြောမဆုံးဘူး"

ဆူစီနဲ့ ကက်သရင်းက မီးလောင်ရာ လေပင့်ကြသည်။ သူမတို့၏ စကားတွေ ကြောင့် ဧကရီ၏ ဒေါသကို ပိုမိုပေါက်ကွဲစေ၏ ။

"တောက်....ငါနဲ့ တွေ့လို့ ကတော့ အဲ့ဒီကောင် အသေပဲ"

"ဟုတ်တယ်၊.......တစ်စစီ အမွှေးနုတ်ပစ်......."

"ဘာလဲဟဲ့ နင့်စကားက"

"ခေါင်းမွှေး....ခေါင်းမွှေးကို ပြောတာ"

"ဟုတ်တယ်.....ခေါင်းတုံး ဖြစ်သွားအောင်ကို နုတ်ပစ်မယ်"

သူမ စိတ်ကူးထဲတွင် အဲဒီ ကောင်ကို ကြက်တွေ အမွှေးနုတ်သလို ပယ်ပယ်နယ်နယ်ကိုင်ပြီး နုတ်ပစ်လိုက်သည်။ ထို့နောက် ရေနွေးပွက်ပွက်ဆူတွင် နှစ် ၍ တစ်ကိုယ်လုံးကို ဆားပတ်ကာ ဓားနဲ့မွှန်းပစ်လိုက်သည်။

"သေနာကြီး"

ဒေါသထွက်လွန်း၍ ပါးစပ်က လွှတ်ခနဲ ထွက်သွားမိ၏ ။ဆူစီနှင့် ကက်သရင်းက ကြောင်ပြီး လှည့်ကြည့်လိုက်သည်။ ဧကရီ မျက်လုံးပြူး ကာ နှုတ်ခမ်းကို ကိုက်ထားတာတွေ့တော့....

"စိတ်လျှော့ သူငယ်ချင်း စိတ်လျှော့၊ အခုချိန်မှာ စိတ်လျှော့၊ ဒီကောင်နဲ့ တွေ့မှ နင့်ဒေါသတွေ လွှတ်ထည့်လိုက် လွှတ်ထည့်လိုက်"

ဧကရီက သူတို့ဘက် တစ်ချက်လှည့်လိုက်ကာ....

"ငါ ဒီကောင့်စက်ဘီးကို လိုက်ရှာမယ်ဟာ"

"တွေ့တော့ ဘာလုပ်မလဲ"

"တွေ့ရင် မွတ်မွတ်ညက်ညက်ကျေအောင် လုပ်ပစ်မယ်"

ဧကရီက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြ၍ နှာခေါင်းကိုရှုံ့ကာ အံကိုကြိတ်ပြီး ကြုံး ဝါးပြ၏ ။ သူမ၏ ကြုံး ဝါးပုံကိုကြည့်၍ ဆူစီနဲ့ ကက်သရင်းတို့ ကြက်သီးနည်းနည်း ထသွားကြသည်။

ထို့နောက် သူတို့အချင်းချင်း တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်၍ ဧကရီတို့ ပြန်ကြည့်ကာ.....

"နင် အဲဒီ လိုလုပ်ရင် ပြ.......ပြဿ နာတွေ တက်ကုန်မှာ ပေါ့"

"ဘာလဲ နင်တို့က ကြောက်လို့လား"

"မ.........မဟုတ်ပါဘူးဟာ၊ နင်ပြဿ နာတက်မှာ စိုးလို့ပါ"

"တက်.......တက်ပေ့ါဟာ၊ ငါက ဒီကောင်နဲ့ ပြဿ နာတက်ချင်နေတာ။ ပြဿ နာ တက်လို့ ကတော့ဒီကောင့်ကိုပါ စိစိညက်ညက် ချေပစ်မယ်။ အဲသလို....အဲသလို ချေပစ်မယ်"

လက်သီးကို ဆုပ်ကာ ဆုပ်ကာနှင့် ထပ်ပြီး ကြိမ်းဝါး၏ ။ ဆူစီနှင့်ကက်သရင်းက ကြောင်ပြီး ကြည့်နေမိသည်။ ခဏကြာတော့.....

"လာ......သွားမယ်"

ဇေရီက ထိုင်ရာမှ ဆတ်ဆို ထရပ်လိုက်သည်။ ဆူစီနဲ့ ကတ်သရင်းက တုံ့ခနဲ ဖြစ်သွားပြီး....

"ဘယ်.......ဘယ်သွားမလို့လဲ"

"တက္ကသိုလ်တစ်ခုလုံး အဲဒီ့ ကောင်စက်ဘီးကို မြေလှန်ပြီး လိုက်ရှာမယ်"

"ဟင်"

"ဘာလဲ နင်တို့က မလိုက်ချင်ဘူးလား"

တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်ကြ၏ ။ ပြီးတော့ .......

"နင် စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့ ဟာ"

"နင်တို့ပဲ ခုနပြောတော့ ခေါင်းမွေးတွေ တစ်ပင်ချင်း ဟောဒီလို....ဟောဒီလို ဆွဲနုတ်ပစ်ဆို"

"ဒါ သဘာပြောတာလေဟာ"

"သဘောမရှာဘူး၊ ငါက လက်တွေ့သမား"

"ဒါဆို နင်က အဲဒီ့ ကောင်အမွေးကို တကယ်နုတ်မှာ လား"

"ခေါင်းမွေး ထည့်ပြောပါ"

"အေး......ခေါင်းမွေး.....ခေါင်းမွေး"

"နုတ်ရုံတင်မကဘူး၊ စက်ဘီးရော လူရော တစ်စစီ ဒီလို လုပ်ပစ်လိုက်မှာ "

ဇေရီက လက်နှစ် ဖက်နဲ့ ဆွဲဖြဲသလို ဟန်လုပ်ပြ၏ ။မျက်နှာကလည်း

ခပ်တည်တည် ခပ်တင်းတင်းနှင့် တကယ်လုပ်မည့်ရုပ်။

ဆူစီနှင့် ကက်သရင်းက ဇေရီကိုကြည့်ပြီး လန့်ကာ လန့်ကာ လာသည်။ ဇေရီထံတွင် သိုး ငယ်လေးတစ်ကောင်လို ပျော့ပျောင်းနူးညံ့ခြင်းတွေ မတွေ့ရတော့။

ထို့နောက် ဇေရီ ထိုနေရာမှ ချာကနဲ လှည့်ထွက်ကာသွားသည်။ ဆူစီနှင့် ကက်သရင်း လည်း ဇေရီနောက် ပြေးလိုက်သွားတော့၏ ။

သူတို့ စိတ်ထဲမှာ လည်း......

"ဘုရား....ဘုရား ဒီနေ့ ဟိုကောင်နဲ့ မတွေ့ပါစေနဲ့ "

"မင်းခက်" တို့အုပ်စု တွေ စာသင်ချိန်တစ်ခုနဲ့ တစ်ခု အကူးအပြောင်းမှာ ကော်ရစ်တာက ခုံ တန်းလျားလေးတွေ မှာ ထွက်ပြီး ထိုင်နေကြသည်။ စိုးငယ်နဲ့ ဝဏ္ဏကဖြတ်သွားဖြတ်လာ ကျောင်းသူ တွေ ကိုမထိတထိ လိုက်စနေ၏ ။

"ဘယ်ညာ ဘယ်ညာ ဘေလေဆပ် ဘေလေဆပ်"

တချို့ ကျောင်းသူတွေ က ပြုံး စိစိ လုပ်သွားကြ၏ ။ တချို့ က မဲ့ကာရွဲ့ကာ ထွက်သွားကြသည်။ မင်းခက် ကတော့ သူတို့နှစ် ယောက် ကို ကြည့်ကာ ပြုံး စိစိ လုပ်နေလိုက်သည်။

ခဏကြာတော့ သူတို့အနားသို့ ချစ်ထူး တစ်ယောက် အူယားဖားယား နှင့်ရောက်လာ၏ ။ လူကလည်း မောကြီးပန်းကြီးနှင့်။

စိုးငယ်က ချစ်ထူးကိုကြည့်၍ ......

"မင်းဘယ်တွေ လျှောက်သွားနေတာလဲ၊ အတန်းလည်း မတက်ဘူး"

"ဟီး ဟီး......ငါကိစ္စရှိလို့ မတက်တာကွ"

"မင်းကိစ္စ ငါသိပါတယ်၊ နှာကိစ္စပဲနေမှာ "

"မင်းတို့ကလည်းကွာ၊ ငါ့ကိုတွေ့လိုက်ရင် ဒါပဲပြောနေတာပဲ"

"မဟုတ်လို့လား"

"အဟီး......ဟုတ်တယ်ကွ"

"'ဒါဆို အခု ဘယ်ကလာလဲပြော"

"First years လေးတွေ ဘက်က လာတာ၊ ငါ ဖရက်ရှာဝဲလ်ကမ်းတုန်းက တွေ့ခဲ့တဲ့ ကောင်မလေး တစ်ယောက် ကို ရေလည် ခိုက်သွားတယ်ဗျာ၊ အဲဒါ သူ့နောက် လိုက်နေတာ"

အားလုံး ပြုံး စိစိနှင့် ချစ်ထူးကို ကြည့်ကြသည်။ ချစ်ထူးက မင်းခက်ကိုကြည့်၍ .....

"မင်းခက် ငါ့ကို စက်ဘီး ခဏငှားကွာ"

"ဘာလုပ်ဖို့လဲ"

"သွားစရာရှိလို့ပေါ့ကွ၊ မင်းကလည်း လျှာရှည်လိုက်တာ"

"ဟာ ....မင်းကလည်း ဘယ်သွားမယ် ဘာညာလောက်တော့ ပြော သွားပါဦးကွ"

"အေးကွာ....ဒီကျောင်းထဲပဲသွားမှာ ၊ခုန ငါလိုက်နေတဲ့ ကောင်မလေး မျက်ခြေပြတ်သွားလို့ စက်ဘီးနဲ့ လိုက်ရှာမလို့"

"မင်းကလည်းကွာ ဒီအတိုင်း လိုက်ရှာလည်း ရတာ ပဲ"

"လုပ်ပါကွာ......သူက သူ့ဘော်ဒါကားနဲ့ ပါသွားတာကွ၊ဘယ်ကဲန်တင်း သွားထိုင်လည်း မသိလို့ပါ ၊ဒီအတိုင်း လိုက်ရှာရင် ငါ ခြေတိုပြီး သေဂျချည်ရဲ့ "

"ကဲပါ မင်းခက်ရာ ပေးလိုက်ပါ၊ ဒီကောင့်ပုံကိုကြည့်ရတာ မင်းစက်ဘီးမှ မရရင် သေတော့မဲ့ပုံ"

စိုးငယ်နဲ့ ဝဏ္ဏကပါ ဝင်ပြောမှ စက်ဘီးသော့ ကို မပေးချင်ပေးချင်နဲ့ ထုတ်ပေးလိုက်သည်။

ပါးစပ်ကလည်း.....

“ငါ့စက်ဘီးကို ရိုရိုသေသေ စီးနော်။တစ်ခုခု ဖြစ်လာရင်တော့ မလွယ်ဘူး”

“မင်းကလည်းကွာ အချင်းချင်းတွေ ကို”

“အချင်းချင်းတော့ အချင်းချင်းပဲ ဟော့ကောင် ၊ ငါက စက်ဘီး ကို ဘယ်လောက်တန်ဖိုးထားလည်း မင်းအသိပဲ”

“အေးပါကွာ.....စိတ်ချပါ၊ မင်းစက်ဘီး မှဲ့တစ်ပေါက် မစွန်းစေရပါဘူး”

ချစ်ထူး စက်ဘီးသော့ ကိုကိုင်၍ ထိုနေရာမှ ပျော်ရွှင်စွာ လှည့်ထွက်သွား၏ ။ စိုးငယ်နဲ့ ဝဏ္ဏက မင်းခက်ကိုကြည့်၍ .....

“မင်းကလည်းကွာ မပေးတာလည်း မဟုတ်ဘူး၊ ပေးမယ့်ဟာကို အေးအေးဆေးဆေး ပေးလိုက်တာ မဟုတ်ဘူး”

“ဒီကောင်က နမော်နမဲ့နဲ့ ကွ၊ မိန်းမကိစ္စနဲ့ ပက်သက်ရင် အကုန်မေ့သွားတဲ့ကောင်၊ ဒါကြောင့် ငါ့စက်ဘီးလေး တစ်ခုခု ဖြစ်မှာ စိုးလို့ မှာ ရတာ ”

“ဒါတော့ ဒါပေ့ါကွာ ၊ဒါပေမယ့် အချင်းချင်းတွေ ကို တော် ရုံလောက်ပဲ ပြောပါလို့ ငါက ပြော တာပါ”

မင်းခက် ဘာမှ မပြောတော့ဘဲ ငြိမ်နေလိုက်သည်။ ထို့နောက် ဆရာမ ရောက်လာ၍ သူတို့ အတန်းထဲသို့ ဝင်လိုက်ကြတော့၏ ။ ဆရာမ က ပြုံး ပြုံး နှင့် အတန်းကို တစ်ချက် ဝေ့ကြည့်ကာ ခေါင်းညိတ်ရင်း နှုတ်ဆတ်လိုက်ပါတော့၏ ။

*

စက်ဘီးလေးက ပေ့ါသည်။ နင်းလို့လည်း ကောင်း၏ ။ ဂီယာတံခလုတ်လေးတွေ

လည်းပါ၍ ကိုယ်လိုသလို ကစားလို့ရ၏ ။ ချစ်ထူး တော် တော် သဘောကျနေသည်။ သူ့ကောင်မလေးကိုလည်း နေရာအနှံ့ လိုက်ရှာသည်။ ပထမ အင်္ဂလိပ်စာ မေဂျာနားက ကဲန်တင်းမှာ ရှာသည်။ မတွေ့ ။ ထို့ ကြောင့် ရူပဗေဒလဘက်သို့ ထွက်လာလိုက်သည်။ ရူပဘက်က ကဲန်တင်းမှာ လည်း မတွေ့ ။ ထို့ ကြောင့် တခြားမေဂျာဘက်က ကဲန်တင်းတွေ ဘက်သို့ စက်ဘီးလေးကိုနင်း၍ ထွက်လာခဲ့လိုက်လေ တော့သည်။

ချစ်ထူး စက်ဘီးကလေး နင်းနေရင်းနှင့် လေကလေးချွန်လာလိုက်ရာ တစ်နေရာအရောက် တွင် ......

“ဟဲ့.......ဟဲ့ ဟိုမှာ ဟိုမှာ တွေ့ ပြီ တွေ့ ပြီ ဒီကောင်ပဲ”

“စက်ဘီး ကတော့ သေချာလောက်ပြီဟ”

သူ့ဘေးနားကို ဖြတ်သွားတော့ ကားတစ်စီးပေါ်တွင် ပါလာသော ကောင်မလေးတွေ က သူ့ကိုကြည့်ကာ ပြောသွားကြသည်။ ခဏနေတော့ ခပ်လှမ်းလှမ်းမှာ ကားကိုထိုးရပ်၍ ဆင်းလာကြ သည်။ သုံးယောက် တောင်။

ထိုသုံးယောက် ထဲက တစ်ယောက် က.....

“ဟိုးထား”

ချစ်ထူး စက်ဘီးကို ကျွီခနဲ ရပ်ပစ်လိုက်သည်။ ပြီးတော့ ကြောင်စီစီနှင့် ကောင်မလေးတွေ ကို ကြည့်လိုက်၏ ။ ကောင်မလေးတွေ သုံးယောက် လုံးက လှတပတလေးတွေ ၊ချစ်ထူး နည်းနည်း တော့ ရင်ခုန်သွားသည်။

“စက်ဘီးပေါ်က ခဏဆင်းပါဦး”၏

“ဗျာ....”

“စက်ဘီးပေါ်က ခဏဆင်းဦးလို့ ပြောနေတာ”

“ဟုတ်ကဲ့.....ဟုတ်ကဲ့”

ချစ်ထူး ယောင်နနနှင့် စက်ဘီးပေါ်က ဆင်းလိုက်သည်။

ပြီးတော့ ကြောင်တောင်တောင်နှင့်....

"ဘာ....ဘာလုပ်ဖို့လဲဟင်"

"ဒါ ရှင့်စက်ဘီးလား"

"ဘာ ဖြစ်လို့လဲ"

"မေးတာကို ဖြေမှသာဖြေပါ"

ချစ်ထူးက စက်ဘီးလေးကို တစ်ချက်ကြည့်လိုက်သည်။ ထို့နောက် သူ့စက်ဘီးလေးကို ကောင်မလေးတွေ သဘောကျလို့ ဆင်းမေးတာပဲ ဖြစ်မည် ဟု တွေးလိုက်၍ ရင်ကို ကော့လိုက်ကာ..

"ဟုတ်တာပေါ့ဗျာ.....ဘာလို့လဲ လှလို့လား"

"အင်း လှပါတယ်.....လှပါတယ်၊တော်တော် လှပါတယ်"

သုံးယောက် ထဲမှ အချောဆုံးဟု ဆိုရမည့် ကောင်မလေးက ပြုံး ပြုံး လေးပြောသည်။ ချစ်ထူး ရင်တွေ ဘာတွေ ဖိုကာ တော်တော် သဘောကျကာသွား၏ ။

"ရှင် ဒီစက်ဘီးကို ဖရက်ရှာဝဲလ်ကမ်းနေ့က စီးလာသေးလား"

ချစ်ထူး တစ်ချက်တော့ စဉ်းစားလိုက်သည်။ ဖြစ်နိုင်သည်။ အဲဒီ နေ့က မင်းခက် စက်ဘီး စယူလာသည့်နေ့။

ချစ်ထူး စတိုင်ကျကျ တစ်ချက်ရယ်လိုက်ပြီး....

"ဟဲ......ဟဲ.......ဟဲ....ဟုတ်ပဗျာ ဟုတ်ပဗျာ၊ လက်စသတ်တော့ အဲဒီ နေ့ကတည်းက ဒီက တို့ကို မှတ်မိနေတာကိုး"

သူ့ကို မေးသည့်ကောင်မလေးပဲ ညှင်းသွဲ့သွဲ့တစ်ချက်ရယ်ရင်း စက်ဘီးလက်ကိုင်ကို ကောက်ကိုင်လိုက်ကာ....

“လက်စသတ်တော့ ရှင်ကိုး”

“ဟုတ်ပါတယ် တို့ပါပဲ”

ချစ်ထူး စကားလည်းဆုံး ထိုကောင်မလေးက စက်ဘီးကို ဆတ်ခနဲ ဆွဲယူလိုက်ပြီး ခြေထောက်နဲ့ ဘေးဘက်ကို ဖြားလိုက်ဆောင့်ကန်လိုက်လေတော့သည်။

“ဘုန်း”

“ဝုန်း”

စက်ဘီးသည် တစ်ပတ်လိမ့်ကာ ဂျွန်းပြန်၍ ဘေးနားက ရေနုတ်မြောင်းထဲ ဇောက်ထိုးပစ် ကျသွားလေတော့၏ ။

“ဟာ”

ချစ်ထူး ပါးစပ်ဟောင်းလောင်း ပွင့်သွား၏ ။ ရုတ်တရက် ဆိုတော့ ဘာလုပ်ရမှန်းမသိဘဲ ဖြစ်သွားလေတော့သည်။

“မင်း......မင်း”

“ဟုတ်တယ် ကျွန်မပဲ၊ရှင် ကျွန်မကို မှတ်မိလား”

“သိဘူး”

“ဘယ်သိမလဲ ရှင်က လုပ်သွားတဲ့ လူဆိုတော့ ဘယ်သိပါ့မလဲ၊ ရှင့်ကြောင့် ကျွန်မ ဟိုဟာ ဖြစ်ပြီး ကျန်ခဲ့တာလေ”

“ဘာ....”

အဆုံးမရှိ အဆမရှိစကားကြောင့် ချစ်ထူးလန့်သွား၏ ။ ထို့နောက် ထစ်ထစ်ငေါ့ငေါ့နှင့်....

“ခင်.....ခင်ဗျား ဘာတွေ လျှောက်ပြောနေတာလဲ၊ခင်ဗျားမှာ ဘာဟိုဟာ ဖြစ်သွားလို့လဲ”

ထိုစကားကြောင့် ကောင်မလေး ဆတ်ခနဲ ရှေ့တိုးလာကာ၊ ချစ်ထူး ရင်ဘတ်အင်္ကျီစကို တစ်ချက်ဆွဲလိုက်၍ ....

"ရှင် အဲဒီ နေ့က ကျွန်မကို ဘာလုပ်သွားလဲ"

"ဘာ....ဘာလုပ်လို့လဲဟင်"

"ရှင့်ကြောင့် ကျွန်မထဘီပြဲသွားတာလေ"

ချစ်ထူး မျက်လုံးနှစ် လုံးသည် ချက်ချင်း ပြူး ထွက်သွားကာ.....

"ဟာ...ခင်ဗျား ဘာတွေ ပြော"

ချစ်ထူးစကားတောင် မဆုံးလိုက် ကောင်မလေးက တွန်းလှဲလိုက်၍ ချစ်ထူး ဖင်ထိုင်လျက် လဲကျသွားသည်။

"ဟဲ့.....ဧကရီ တော် တော့...တော် တော့၊လွှန်မယ်.....လွန်မယ်"

ကောင်မလေးနောက် ပါလာတဲ့ နှစ် ယောက် က ဝိုင်းဆွဲကြသည်။ချစ်ထူး ထိုကောင်မလေး ၏ ဒေါသမျက်လုံးများ ကိုကြည့်ကာ တော် တော် လေး တုန်လှုပ်သွားသည်။ ဘာ ဖြစ် လို့ ဖြစ်မှန်း လည်း သူ့ကိုယ်သူ မသိ၊ သူသိတာ သူ စက်ဘီးစီးလာသည်။ ပြီးတော့ ဒီကောင်မလေးတွေ နဲ့တွေ ပြီး ဘလိုင်းကြီး ပြဿ နာရှာခံလိုက်ရခြင်းပင်။

ချစ်ထူး ရှတ်တရက် ထရပ်လိုက်သည်။ ကောင်မလေးက သူ့သူငယ်ချင်းတွေ ဆွဲရာနောက် သို့ ပါသွား၏ ။ ချစ်ထူး ဘာပြန်လုပ်လို့ လုပ်ရမှန်းလည်းမသိ၊ ဘေးနားက ဖြတ်သွားတဲ့ ကျောင်း သားတွေ ကလည်း ကွက်ကြည့်ကွက်ကြည့် လုပ်သွားကြ၏ ။

ချစ်ထူး မြောင်းထဲကျနေသည့် စက်ဘီးကို တစ်ချက်ကြည့်ကာ ဆွဲယူလိုက်သည်။

"ဟင်...."

ချစ်ထူး ခေါင်းနပန်းကြီးသွား၏ ။ စက်ဘီးသည် ရှေ့ဘီးခွင်သွားကာ လက်ကိုင်က တစ်ဖက် သို့ လည်ထွက်သွား၏ ။ စမုတ်တံလည်း သုံးချောင်းလောက် ကျိုး

သွား၏ ။

သွားပြီ။ ဟိုကောင်နဲ့ တွေ့ရင်တော့ ပြဿနာပဲ။

ချစ်ထူး တွေးနေရင်းမှ စက်ဘီးကို ပခုံးနှင့် ကောက်ထမ်းလိုက်၏ ။ ပြီးတော့ သံယောဇဉ် မပြတ်သေးသည့် မျက်ဝန်းများ နှင့် ကောင်မလေးတွေ ဘက် လှမ်းကြည့်လိုက်တော့ ဘယ်သူမှမရှိ တော့။

ထို့နောက် မျက်နှာတစ်ခုလုံး ရှုံ့မဲ့မဲ့နှင့် စက်ဘီးထမ်းကာ ထိုနေရာမှ ထွက်လာခဲ့လိုက်ပါ တော့၏ ။

ဒီနေ့ ကံမကောင်း။ မင်းခက်ကို ဘယ်လိုရှင်းပြရမှန်းမသိ။

*

# အခန်း (၄)

မင်းခက်သည် ပါးစပ်ဟောင်းလောင်းပွင့်ကာ သူ့စက်ဘီးကို သူငေးကြည့်နေမိသည်။ ချစ်ထူးသည် မျက်နှာငယ်လေးနှင့် မင်းခက်ကို ကြည့်နေမိ၏ ။ ထို့နောက် တုန်ယင်နေသည့် လေသံနှင့်......

"တောင်း......တောင်း.....တောင်းပန်ပါတယ် သူငယ်ချင်းရယ်။ ငါနဲ့ ဘာမှမဆိုင်ပါဘူးကွာ၊ ငါ့ကို သူတို့က ဘလိုင်းကြီး ပြဿ နာရှာသွားတာပါ"

ချစ်ထူးက ကောင်မလေးတွေ နှင့် သူနဲ့ တွေ့ဆုံပုံကို နတ်သံလေးနှောကာ ရှင်းပြရှာသည်။ မင်းခက်က သူ့စက်ဘီး သူကြည့်၍ စိတ်ပျက်လက်ပျက် ခေါင်းခါလိုက်ကာ....

"ဒါမ ဖြစ်သင့်ဘူးကွာ.....လုံး၀ မ ဖြစ်သင့်ဘူး၊ ဒီကိစ္စက တစ်ခုခု မှာ းယွင်းနေပြီ"

"ဟုတ်တယ် ချစ်ထူး၊ မင်း အဲ့ဒီကောင်မလေးတွေ ကို လုံး၀ မသိဘူးဆိုတာ သေချာလား"

စိုးငယ်က ဝင်မေးသည်။ ချစ်ထူးက ခေါင်းညိတ်ပြ၍ .......

"သေချာတယ် လုံး၀ပဲ"

"ဒါဆို မင်းလုပ်လိုက်လို့ ထဘီပြဲသွားတယ်ဆိုပြီး ဘာလို့ သူတို့က ပြောတာလဲ"

"အဲဒါကို ငါလည်း စဉ်းစားနေတာ၊ သူတို့ ပြောတာတွေ ငါလုံး၀မသိဘူး"

"မဟုတ်ပါဘူး ချစ်ထူးရာ၊ မင်း သေသေချာချာ စဉ်းစားပါဦး၊ မိန်းကလေး တစ်ယောက် အနေနဲ့တော့ ဒီလိုကိစ္စမျိုး ကို မဟုတ်ဘဲ စွပ်စွဲမယ် မထင်ဘူး"

ဝဏ္ဏစကားကြောင့် ချစ်ထူး ဇဝေဇဝါ ဖြစ်သွားသည်။သူ့ကိုယ်သူလည်း သေချာအောင် ပြန် ဆန်းစစ်ကြည့်လိုက်၏ ။ သေချာပါသည်၊ အဲ့ဒီကောင်မလေးတွေ ကို ပတ်သတ်ဖို့ ဝေးစွ၊ မြင်တောင် မမြင်ဘူး။

"သိပ်သေချာတယ် သူငယ်ချင်း၊ သူတို့တွေ ကို ငါ မြင်တောင် မမြင်ဖူးဘူး"

ချစ်ထူးစကားကြောင့် ဝဏ္ဏရော စိုးငယ်ပါ မင်းခက်ကို ကြည့်လိုက်သည်။ ထို့နောက် စိုးငယ်က.....

"ဒါဆိုရင် စဉ်းစားစရာတော့ ဖြစ်နေပြီ။ ဖရက်ရှာဝဲလ်ကမ်း နေ့က ဒီစက်ဘီးကို စီးလာသေးလားလို့ မေးပုံထောက်ရင် ပြဿနာ အဲ့ဒီနေ့ကမှ စ ဖြစ်တာထင်တယ်"

"အဲ့ဒီနေ့က စက်ဘီးကို ဘယ်သူ့ ပေးစီးသေးလဲ"

ဝဏ္ဏက မင်းခက်ကို မေးလိုက်သည်။ မင်းခက်က ခေါင်းခါပြ၍ .....

"ဘယ်သူ့မှ ပေးမစီးဘူး၊ ငါ တစ်ယောက် တည်းပဲ စီးလာတာ"

"ဒါဆို မင်းနဲ့ များ ဖြစ်လာတာလား"

"ဟာ.....ကြံကြီးစည်ရာကွာ၊ အဲဒီ နေ့က ငါ ဘယ်သူနဲ့ မှ ပြဿနာ မတက်ပါဘူး"

"ဒါဆို ဒီကိစ္စက စဉ်းစားစရာတော့ ဖြစ်နေပြီကွ။နောက်ဆုံး ဘယ်သူနဲ့မှ ပြဿနာ မ ဖြစ်ဘူးဆိုရင်တော့ သူတို့ဘက်က လူမှား တာပဲ ဖြစ်ရမယ်"

"ချစ်ထူး"

"ဟန်"

"မင်းရော ဘယ်လိုထင်လဲ"

"ငါလည်း မထင်တတ်တော့ဘူး ၊သူတို့ဘက် ကတော့ အသေအချာ စွပ်စွဲသွားတာပဲ"

အားလုံး သက်ပြင်းချကြသည်။ ထို့နောက် မင်းခက်ကို ကြည့်လိုက်ကြ၏ ။ စိုးငယ်က...

"နောက်ဆုံးနှစ် ရောက်မှ မင်းလည်း မိန်းကလေးတွေ နဲ့ ပတ်သက်ရင် တော်တော် အကျိုး ပေးတယ်နော်"

“အေးကွာ.....ကျောင်းစတက်တဲ့နေ့ကလည်း ဘလိုင်းကြီး အစခံလိုက်ရတယ်၊ အခုလည်း စက်ဘီးတစ်စီးလုံး ရစရာမရှိအောင် အလုပ်ခံရပြန်တယ်”

ချစ်ထူးက မင်းခက်ကိုကြည့်၍ .....

“ဘာပဲ ဖြစ် ဖြစ် ငါစီးသွားတော့မှ ဖြစ်တယ်ဆိုတော့ ငါ့မှာ တာဝန်လုံးလုံးရှိပါတယ် သူငယ်ချင်းရာ၊ ငါဘာလုပ်ပေးရမလဲဟင်”

မင်းခက်က ခေါင်းခါလိုက်ကာ....

“ရပါတယ်၊ မင်းလည်း ဒီလို ဘယ် ဖြစ်ချင်ပါ့မလဲ။ ဒါနဲ့ အဲ့ဒီကောင်မလေးတွေ တွေ့ ရင် မင်းမှတ်မိလား”

“ဟာ....မှတ်မိတာပေါ့ကွ၊ နောက်နေ့တွေ ကျမှ မြေလှန်ပြီး လိုက်ရှာမယ်”

“တွေ့ ရင် မင်းက ဘာလုပ်မှာ လဲဟင်”

ချစ်ထူးက လေပျော့လေးနှင့်မေးတော့....

“အလျော်တောင်းမှာ ပေါ့ကွ၊ဒါမျိုး လုပ်ချင်တိုင်း လုပ်ရအောင် မင်းမဲ့တိုင်းပြည် မှမဟုတ်တာ”

စိုးငယ်နဲ့ ဝဏ္ဏက ထိုအဆိုကို ထောက်ခံသည်။ ချစ်ထူးက ငြိမ်နေလိုက်၏ ။ ထို့နောက် သုံးယောက် လုံး စက်ဘီးလေးကိုသာ စိုက်ကြည့်နေမိပါတော့သည်။

*

သုံးရက်လောက်ကြာသွားသည်။ စက်ဘီးကို စက်ဘီးပြင်ဆိုင်မှာ အပ်ပြီး သုံးရက်လောက် လုပ်ယူလိုက်ရ၏ ။ ဒီနေ့တော့ စက်ဘီးက အကောင်းပကတိအတိုင်း ဖြစ်သွား၍ ကျောင်းသို့ စက်ဘီးနှင့် လာခဲ့လိုက်၏ ။

ဒီနှစ် ရက်အတွင်း ၊ ရင်ထဲမှာ မကျေနပ်ချက်တွေ က ထိန်းမနိုင် သိမ်းမရ ဖြစ်နေရသည်။ ဦးလေး၏ ကြိမ်းမောင်းခြင်းကိုလည်း ခံရ၍ ကောင်မလေးတွေ အပေါ် ဒေါသက ပို၍ သက်ရောက်သလို ဖြစ်သွားရ၏ ။ ထို့ကြောင့် ဒီနေ့ကျောင်းကို ရောက်ရောက်ချင်းချင်းနဲ့ စိုးငယ် တို့ကိုရှာ၍ ...

"ဟေ့ကောင်တွေ ဒီနေ့ ငါတို့ အတန်းလွှတ်လိုက်ကြရအောင်၊ ပြီးရင် ဟိုဟာမလေးတွေ သွားရှာမယ်"

စိုးငယ်နဲ့ ဝဏ္ဏ ကတော့ ဘာမှမပြော၊ ချစ်ထူးက တွန့်ဆုတ် တွန့်ဆုတ်လုပ်နေ၍ ...

"ဟေ့ကောင် မင်းက ဘာ ဖြစ်နေတာလဲ"

"ဟို....ဟိုဟာ ကောင်မလေးတွေ ကို လိုက်ရှာဖို့ မင်းတကယ် ဆုံးဖြတ်လိုက်ပြီလား"

"ဟုတ်တယ်လေ ဘာလို့လဲ"

"သေချာစဉ်းစားပါဦး သူငယ်ချင်းရာ၊ ဟိုက နည်းနည်းကြမ်းတယ်နော်"

"သူ့ဟာသူ ဘာကြီး ဖြစ် ဖြစ်ကွာ၊ ဒီလိုမတရားလုပ်တာတော့ ခံနေရမှာ လား"

"မင်းက တွေ့ရင် သူတို့ဆီက အလျော်တောင်းမှာ လား"

"အေးပေါ့ကွ"

"ဒီလိုလုပ်ပါလားကွာ၊ မင်း အခုစက်ဘီးပြင်တဲ့ ကုန်ကျစရိတ်ကို ငါပေးမယ်လေ၊ သူတို့ဆီက မတောင်းနဲ့ တော့"

"မရဘူး၊ ငါရသင့်ရထိုက်တဲ့ ပိုက်ဆံကို သူတို့ဆီကလွဲလို့ ဘယ်ကမှ မလိုချင်ဘူး"

ချစ်ထူး ခေါင်းကို ကုတ်သည်။ စိုးငယ်နဲ့ ဝဏ္ဏက မင်းခက်နောက်ကိုလိုက်ဖို့ ဟန်ရေး ပြင်ကြ ၏ ။ ချစ်ထူးလည်း မတက်သာသည့် နောက်ဆုံး မင်းခက်တို့ခေါ်ရာနောက်သို့

လိုက်သွားရပါတော့ ၏ ။

အဲဒီ နေ့က ကောင်မလေးတွေ ရန်တွေ့သည့်ပုံစံကိုကြည့်၍ ချစ်ထူး ရင်လေးနေမိ၏ ။

"ဒီကောင်နဲ့ ဟိုစွာ တေးမလေးတွေ ဖြစ်ပါ့မလား"

ထိုသို့ တွေးလိုက်ရင်း သက်ပြင်းချမိလိုက်ပါတော့၏ ။

*

'မင်းခက်' တို့ ထွက်လာချိန်သည် မနက်ခင်း ကျောင်းတက်ချိန် ဖြစ်သော ကြောင့် ကျောင်း ထဲတွင် ကျောင်းသား ၊ကျောင်းသူတွေ ရှုပ်ယှက်ခတ်လျက်ရှိသည်။ မင်းခက်တို့အုပ်စုက အရင်ဆုံး ကဲန်တင်းတွေ ဘက်ထွက်လာကြ၍ ကောင်မလေးတွေ ကို လိုက်ရှာကြသည်။

မင်းခက်က စက်ဘီးကိုတွန်းရင်း ကတိတဲ့သူတွေ နဲ့ အတူ လမ်းလျှောက်လိုက်လာခဲ့သည်။

"ဟေ့ကောင် ချစ်ထူး၊ မျက်စိရှင်ရှင်ထားပြီးကြည့်ကွ"

"ငါလည်း တစ်ယောက် မကျန် လိုက်ကြည့်နေတာပဲကွာ၊ လူတွေ က များ လွန်းလို့ မနည်းလိုက်ကြည့်နေရတယ်"

"ကြည့်ပေ့ါကွ၊ ခါတိုင်းလည်း ကောင်မလေးတွေ ကို မင်း ဒီလိုပဲ လိုက်ကြည့်နေတာပဲ"

ချစ်ထူးက ပြုံး စိစိ လုပ်လိုက်သည်။ ထို့နောက် ကဲန်တင်းတစ်ခုရှေ့သို့ အရောက် ချစ်ထူးအ ကြည့်က တစ်နေရာတွင် ရပ်သွားမိ၏ ။ ကျန်တဲ့သူတွေ ကပါ ချစ်ထူး

အကြည့်နောက် လိုက်ကြည့် လိုက်၍ ....

“သူတို့လား”

မင်းခက်က မေးလိုက်သည်။ ချစ်ထူးက ချက်ချင်း ပြန်မဖြေသေးဘဲ သေချာစိုက်ကြည့်လိုက်ပြီးမှ....

“ဟုတ်မယ်ထင်တယ်ကွ၊ငါ အနီးကပ် သေချာအောင် သွားကြည့်လိုက်ဦးမယ်”

ချစ်ထူးက ကဲန်တင်းရှေ့သို့ အသာချဉ်းကပ်သွားလိုက်သည်။ မင်းခက်တို့ သုံးယောက် ပါ ချစ်ထူးနောက်သို့ လိုက်လာခဲ့လိုက်၏ ။

မင်းခက်က ချစ်ထူး လှမ်းကြည့်နေသည့် ကောင်မလေးတွေ ကို တွေ့ လိုက်တော့ စိတ်ထဲမှာ မြင်ဘူးသလိုလိုနှင့် ဇဝေဇဝါ ဖြစ်သွား၏ ။ခဏကြာတော့ တစ်ခုခုကို သေချာသွားသလိုလိုနှင့်...

“ဟာ ...သူတို့ပဲ သူတို့ပဲ”

“သေချာတယ် ဒီကောင်မလေးတွေ ပဲ”

မင်းခက်အသံနဲ့ အတူ ချစ်ထူးအသံပါ တစ်ပြိုင်တည်း ပေါ်လာသည်။

ချစ်ထူးက မင်းခက်ကိုကြည့်၍ ...

“မင်းက သူတို့နဲ့ သိလို့လား”

“သိပ်သိတာပေါ့ကွ၊ ငါ့ကို ကျောင်းစတက်တဲ့နေ့က ဖဲ့သွားတာ သူတို့ပဲ”

“ဒါဆို ဟိုတစ်နေ့က ဖြစ်တာ မင်းကိစ္စပေါ့”

“ဘာဆိုင်လို့လဲကွ၊ အဲဒီ နေ့က သူတို့က ငါ့ကိုစဖဲ့တာ၊ ငါကမှ ပြန်မပြောဘဲ ကဲန်တင်းက ထွက်လာခဲ့တာ”

“ဒါဆို ဒီကောင်မလေးတွေ က ချစ်ထူးနဲ့လည်း ပြဿနာ ဖြစ်သလို မင်းနဲ့လည်း ဖြစ်ခဲ့တာပေါ့”

စိုးငယ်က မေးလိုက်သည်။ ဝဏ္ဏက အူကြောင်ကြောင်နဲ့ လှမ်းကြည့်နေ၏ ။

မင်းခက်က စိုးငယ်စကားကို ခေါင်းညိတ်ပြ၍ ...

“ ဖြစ်နိုင်တယ် ၊ သေချာတာ တစ်ခု ကတော့ ငါ့ကို သူတို့ နောက်သွားတာတော့ သေချာတယ်”

“ဒါဆို အခု မင်း ဘာလုပ်မလဲ”

“ဘာလုပ်ရမလဲ၊ သူတို့ဆီ သွားကြတာပေါ့”

“ဒါဆို သွားမယ်လေ”

ဝဏ္ဏက ပြောလိုက်တော့ မင်းခက်က အရင်ဦးဆုံး ဦးဆောင်၍ ရှေ့က လှမ်းသွားလိုက်သည်။ သူ့နောက်မှ ကျန်တဲ့သုံးယောက် ပါ ပါလာကြတော့၏ ။

မင်းခက် ရင်ဆိုင်ရန် ကိုယ့်ကိုယ်ကိုယ် သတ္တိမွေးလိုက်ပါတော့၏ ။ ကောင်မလေးတွေ က လှတပတလေးတွေ ဆိုတော့ ရင်ဆိုင်ရမှာ တောင် ရင်ထဲက အားနာနေမိပါတော့သည်။

*

ဧကရီ၊ ဆူစီရော ကက်သရင်းပါ ကဲန်တင်းမှာ ထိုင်နေကြသည်။ ဧကရီက Shopping ထွက်တုန်းက သူဝယ်လာသည့် ဖိနပ်ကလေးအကြောင်း ပြောပြနေ၏ ။ ဆူစီနဲ့ ကက်သရင်းက နားထောင်ရင်း သူတို့အဒေါ်တွေ နိုင်ငံခြားကပို့လိုက်သည့် အလှကုန်အကြောင်းတွေ ပြန်လည် ပြောပြနေ၏ ။ နှုတ်ခမ်းနီတောင့်လေးတွေ က ဘယ်လို၊ အောက်ခံမိတ်ကပ်က ဘာအရောင် စသည်ဖြင့် စုံလင်လှ၏ ။ ထိုအချိန်တွင် မင်းခက်တို့အုပ်စု သူမတို့အနားသို့ ရောက်လာသည်။

ပထမတော့ သူလိုကိုယ်လို ကျောင်းသူ၊ ကျောင်းသားတွေ ထိုင်ခုံရှာရင်း သူမတို့နား ရောက်လာတယ်ထင်၍ အမှု မဲ့ အမှတ်မဲ့ သဘောထားလိုက်ကြ၏ ။ ခဏကြာတော့ မင်းခက်က ဝိုင်းဘေးနား လာရပ်၍ အားလုံးအူကြောင်ကြောင်နဲ့ လှည့်ကြည့်လိုက်ပြီး ကက်သရင်းက...

"ဘာလဲဟင်...ဘာ ဖြစ်လို့လဲ"

ကျန်တဲ့နှစ် ယောက် ကပါ ကက်သရင်း စကားဆုံးတော့ မေးငေါ့ကာပြသည်။ မင်းခက်က ခပ်တည်တည်နှင့်.....

"ဒီက ညီမတွေ ကို ဘယ်သူဘယ်ဝါတွေ ဆိုတာတော့ ကိုမသိပါဘူး ဒါပေမယ့် ကိုယ်တို့နဲ့ ပြဿ နာတစ်ခုခု ရှိထားတယ်ထင်လို့သာ မေးတာပါ"

"ဟင့်အင်း မရှိပါဘူး......ပေါ်တင်ကြီးပါလား"

"အင်းလေ၊ကျွန်မတို့က ဒီကျောင်းမှာ ဘယ်သူနဲ့ မှ ပြဿ နာ မရှိဘူး"

ဇေရီရဲ့ စကားဆုံးတော့ ဆူစီက ဝင်ပြောသည်။ မင်းခက်က ချစ်ထူးကို ဆတ်ခနဲ ဆွဲခေါ်လိုက်ပြီး...

"သူ့ကိုတော့ သိမှာ ပေါ့"

ချစ်ထူး ယက်ကန်ယက်ကန်နဲ့ ပါလာသည်။ ကောင်မလေးတွေ ရှေ့ရောက်တော့ မျက်လုံးကြီးပြူး ပြီး ကြည့်နေမိ၏ ။ ဇေရီတို့ကလည်း ချစ်ထူးမျက်နှာကြီးကို ကြောင်တောင်တောင် နဲ့ ကြည့်လိုက်ပြီးမှ...

"သြော်....ရှင်ကိုး ...ရှင်ကဘာလဲ၊ဟိုတစ်နေ့က ကိစ္စမကျေနပ်လို့ ရှင့်သူငယ်ချင်းတွေ ခေါ် ပြီးလူစုပြီး လာချဲတာပေါ့ ဟုတ်လား"

"ဟုတ်ဘူး....ဟုတ်ဘူး သူတို့ကို ကျွန်တော် က ခေါ်လာတာ မဟုတ်ပါဘူး၊ သူတို့က ကျွန် တော့်ကို ခေါ်လာတာပါ"

"ဟင်း...ဟင်း"

ကေရီက တစ်ချက်မဲ့လိုက်သည်။ ထို့နောက် မင်းခက်တို့ကို ဝေ့ကြည့်၍ ...

"ကဲပြော.....ရှင်တို့ပြောသလို သူ့ကို ကျွန်မတို့သိတယ်၊အခုလာတဲ့ ကိစ္စကို ပြောစမ်းပါဦး"

မင်းခက်က ချစ်ထူးကို နောက်ပြန်ပို့လိုက်သည်။ ချစ်ထူး လျှင်မြန်စွာ ပင် သုံးယောက် လုံး နောက်ကို ဖားလတက်ကလေးလို ပြေးကပ်ရင်းကွယ်နေလိုက်၏ ။ သူ့ခမျာ ခဲမှန်ဖူးတဲ့ စာသူငယ်လို ကောင်မလေးတွေ ကို လန့်နေမိသည်။

မင်းခက်က ရဲရဲဝံ့ဝံ့ပင် ရင်ကော့၍ ....

"ဒီကောင် စီးလာတဲ့စက်ဘီးကို ဟိုတစ်နေ့က မင်းတို့ ဒုက္ခပေးလိုက်တယ်ဆို"

"ဟုတ်တယ် အဲဒါ ဘာ ဖြစ်လဲ"

ကေရီရဲ့ ခပ်ဆတ်ဆတ် ပြန်ပြောလိုက်တဲ့စကားကြောင့် မင်းခက် နည်းနည်းတော့ တွန့်သွားသည်။ တစ်ချက်ကလေးမှ အကြောက်အလန့်မရှိသော ကြောင့် အာဂကောင်မလေးပဲဟု စိတ်ထဲမှာ လည်း မှတ်ယူလိုက်မိ၏ ။

ထို့နောက် မင်းခက်က...

"အဲ့ဒါ ဒီကောင့်စက်ဘီး မဟုတ်ဘူး၊ ကိုယ့်စက်ဘီးပဲ"

"ဘာ....."

"ဘယ်လို...."

ကေရီအပါအဝင် ဆူစီတို့ပါ အာမေဋိတ်အသံတွေ ထွက်သွားကြ၏ ။ မင်းခက်က...

"ဟုတ်တယ်....အဲဒီ နေ့က ဒီကောင် သွားစရာရှိလို့ ဆိုပြီး ကိုယ့်စက်ဘီးကို ငှားသွားတာ ဘာလို့ မင်းတို့က ကိုယ့်စက်ဘီးကို ဖျက်လိုဖျက်ဆီး လုပ်လိုက်ကြတာလဲ"

ကေရီက ဆူစီနဲ့ ကက်သရင်းကို ကြည့်လိုက်၏ ။ သူမတို့ နှစ် ယောက် ကလည်း

ဧကရီကို ပြန်ကြည့်ကြသည်။ သူတို့အကြည့်တွေ ထဲတွင် ဘယ်လိုလဲဟူသော အဓိပ္ပာယ်တွေ ပါနေကြ၏ ။

ထို့နောက် ဧကရီက မင်းခက်ကို ပြန်ကြည့်လိုက်ကာ...

"ဒါဆို ဟိုတစ်နေ့က စက်ဘီးက ရှင့်စက်ဘီးဆိုတော့ ဖရက်ရှာဝဲလ်ကမ်းနေ့က အဲဒီ စက်ဘီးကို စီးလာတာလည်း ရှင်ပဲပေ့ါ"

"ဟုတ်တယ်လေ....ဘာ ဖြစ်လို့လဲ"

ဧကရီ့မျက်နှာ တစ်ချက်တင်းသွားသည်။ ထို့နောက် မင်းခက်ကို ကြည့်လိုက်၍ .....

"အဲဒီ နေ့က ရှင့်ကြောင့် မိန်းကလေး တစ်ယောက် ဘာ ဖြစ်သွားတယ်ဆိုတာ ရှင်သိလား"

ရုတ်တရက် မေးလိုက်သော သူမစကားကြောင့် မင်းခက်ဘာပြန်ပြောရမှန်းမသိဘဲ ကြောင် တောင်တောင်နဲ့ ကြည့်နေစဉ် သူမကပဲ ဆက်ပြောသည်။

"အဲဒီ နေ့က ရှင့်ကြောင့် မိန်းကလေး တစ်ယောက် အရှက်တကွဲအကျိုး နည်းဖြစ်ခဲ့ရတယ်။ ရှင် ကတော့ မသိချင်ယောင်ဆောင်ပြီး ထွက်သွားတယ်လေ"

"ညီမ ဘာပြောနေတာလဲ၊ ကို ဘာမှ နားမလည်ဘူး"

"အေးလေ ဧကရီရယ်၊ သူတို့နားလည်အောင် ရှင်းပြလိုက်လေ၊ နင်က ကြားဖောက်ပြီး ပြောပြနေသလို ဖြစ်နေတော့ သူတို့ ဘယ်နားလည်ပါ့မလဲ"

ကက်သရင်းက ဧကရီကို ဝင်ပြောလိုက်တော့ မင်းခက်တို့ လေးယောက် နဲ့ ကက်သရင်းကိုကြည့်ကာ စကားကိုထောက်ခံသည့်အနေနှင့် ခေါင်းတွေ ကိုယ်စီညိတ်ပြကြ၏ ။

ထို့နောက် ဧကရီတို့ဘက် ခေါင်းတွေ ပြန်လှည့်ကာ သူမ ရှင်းပြမဲ့စကားကို

စောင့်ဆိုင်းနေလိုက်ကြသည်။

ဧကရီက မင်းခက်တို့ လေးယောက် လုံးကိုကြည့်၍ ပြောပြရှင်းပြမဲ့စကာတွေ ကို စောင့် ဆိုင်းနေလိုက်ကြသည်။

ဧကရီက မင်းခက်တို့လေးယောက် လုံးကိုကြည့်၍ ပြောပြမလို့ ဟန်ပြင်ပြီးမှ တစ်စုံတစ်ခုကို တွေ းလိုက်မိ၍ ရှက်သွားသော ဟန်နှင့် စုတ်တစ်ချက်သပ်လိုက်ကာ ကက်သရင်းကိုပြန်ကြည့်၍ ...

"ကျွတ်....နင်ပဲ ပြောလိုက်တော့ဟာ"

မင်းခက်တို့ လေးယောက် လုံး ကက်သရင်းဘက် ခေါင်းတွေ ရွှေ့သွားကြသည်။ ကက်သရင်းလည်း ....

"ဟာ....နင့်ကိစ္စ နင်ပဲ ရှင်းပြလိုက်၊ ငါပြောတာထက် နင်ပြောတာ ပိုကောင်းတာပေ့ါ"

ဟု ပြောလိုက်၍ လေးယောက် လုံး ခေါင်းတွေ က ဧကရီဘက် ပြန်လည်သွားကြပြန်သည်။

"ဟာ....ပြောမပြချင်ပါဘူး၊ ဆူစီ နင်ရှင်းပြလိုက်"

အားလုံး ဆူစီ့ဘက် ရောက်သွားကြပြန်၏ ။ ပြီးတော့ လေးယောက် လုံး အူတိအူကြောင် ဖြစ် နေလေသည်။

ဆူစီက...

"ဒီလိုရှင့်"

"ဟုတ်ကဲ့"

အခုတော့ ဆူစီက သူတို့ကို တကယ် ရှင်းပြပြီးထင်ပြီး လေးယောက် စလုံး သံပြို င် ဟုတ်ကဲ့လိုက်ကြ၏ ။

"အဲ့ဒီနေ့က....စက်ဘီးစီးလာတဲ့ လူ တစ်ယောက် က ဧကရီနားကို အရှိန်နဲ့ ဖြတ်သွားပြီး တိုက်မိမလို ဖြစ်သွားတယ်"

"ဟုတ်လား"

လေးယောက် လုံးဆီက အာမေဍိတ်သံ ပြိုင်တူထွက်လာကြ၏ ။ ဆူစီတောင် သူတို့အသံကြားပြီး လန့်သွားသည်။

"အဲဒီ မှာ တင်...အဲဒီ မှာ တင်...ဟို....စက်ဘီးရဲ့ ....ဟို....ဟိုဟာလေ.....ဘာနဲ့ လဲမသိဘူး....အဲဒါချိတ်ပြီးတော့ ......"

ထိုနေရာမှတင် ဆူစီက စကားကို ရပ်လိုက်သည်။ ပြီးတော့မှ...

"အဲဒါတော့ နင်ပဲပြောလိုက်ဟာ"

ဆူစီက ကက်သရင်းကို ပြောသည်။ ကက်သရင်းက....

"ဟာ ဒီလောက်ထိ ရှင်းပြလာပြီးမှ နင်ပဲပြောလိုက်တော့"

အားလုံးက ကက်သရင်းကိုကြည့်လိုက်၊ ဆူစီ့ကိုကြည့်လိုက်။

နောက်ဆုံးတော့ မင်းခက်က စိတ်မရှည်တော့၍ ထပြီး...

"ဟာ.....ခင်များတို့ဟာကလည်း ဝေ့လည်ကြောင်ပတ်နဲ့ ဘယ်သူ ရှင်းပြမှာ လဲပြော"

"သူ"

ဆူစီနဲ့ ကက်သရင်းရဲ့ လက်ညှိုးက ဧကရီဆီကို ပြိုင်တူ ရောက်သွားကြ၏ ။

လေးယောက် လုံး ဧကရီဘက်သို့ ချာခနဲ လှည့်ကြည့်လိုက်စဉ်..

"ကျွန်မ ထဘီပြုံသွားတယ်"

"ဟယ်"

“ဟာ”

အားလုံးရဲ့ အာမေဋိတ်သံက တစ်ပြိုင်နက်…

မင်းခက်က မျက်လုံးကြီး ပြူး သွားသည်။ ရုတ်တရက် ပြောချလိုက်သော ဧကရီစကားကြောင့်လည်း ရင်ထဲမှာ တဒုံ့တသြ ဖြစ်သွားမိ၏ ။

ထိုနေ့က စက်ဘီးကို သူကိုယ်တိုင် စီးလာမိကြောင်း သူ့ကိုယ်သူ သိ၏ ။ သို့သော် ထိုကိစ္စကို လုံးဝသတိမထားမိလိုက်…

“ဟုတ်တယ်….အဲဒီ နေ့က ရှင့်စက်ဘီးဒေါက်နဲ့ ငြိပြီး ကျွန်မထဘီ အောက်နားစ ကွဲသွားတယ်၊ ရှင် ကတော့ ဂရုတောင်မစိုက်ဘူး၊ ဆက်နင်းသွားတယ် အဲဒါကောင်းလား”

“ဘယ်ကောင်းမလဲ”

မင်းခက်ဆီက မဟုတ်ပါ။ ကျန်တဲ့ကောင် သုံးကောင်ဆီက သံပြိုင်ထွက်လာခြင်း ဖြစ်သည်။ မင်းခက်က သူ့ကောင်တွေ ကို မျက်စောင်းတစ်ချက် လှမ်းထိုးလိုက်ကာ ဧကရီဘက်ကြည့်၍ ….

“ကို..တကယ် လုံးဝ အဲဒီ ကိစ္စကို မသိလိုက်ပါဘူး၊ အဲဒီ နေ့က စက်ဘီးစဝယ်လာတဲ့နေ့ဆို တော့ ပျော်ရွှင်ပြီး သူငယ်ချင်းတွေ ဆီကို စက်ဘီးနင်းသွားခဲ့တာပါ”

“ရှင် ကတော့ ပျော်ရွှင်နေတာပေ့ါ။ ဒါပေမဲ့ ကျွန်မမှာ တော့ အဲဒီ နေ့က ဘယ်လောက် အရှက်ကွဲခဲ့ရတယ်ထင်လဲ”

ဧကရီ့အသံက ဒေါသတကြီးလေသံ မပေါက်တော့သော်လည်း မကျေနပ်ချက်နဲ့တော့ လုံးဝပြည့်စုံနေသည်။

မင်းခက်က….

“အဲ့ဒီကိစ္စအတွက် ကိုယ်လုံးဝ တောင်းပန်ပါတယ်”

"ရှင်တောင်းပန်လို့ ပြီးမလား၊ အဲဒီ နေ့က ဧကရီ စိတ်ဆိုးပြီး အိမ်ပြန်သွားတာ သူ့ခများ ကွင်းရမဲ့ဟာ မရလိုက်ဘဲ တခြား တစ်ယောက် ရသွားခဲ့တယ်.....ရှင်သိလား"

"ဟာ....ဆူစီကလည်း ဘာတွေ လျှောက်ပြောနေတာလဲ"

ဆူစီ့စကားကို ဧကရီက လှမ်းဟန့်လိုက်သည်။

မင်းခက်က ခါးလေးတစ်ချက်ညွတ်၍ ....

"ဒီလို ဖြစ်သွားခဲ့ရင်လည်း အဲ့ဒီကိစ္စကိုပါ ထပ်ပြီးတောင်းပန်ပါတယ်"

ဧကရီ့မျက်နှာက တင်းမာနေဆဲ....မင်းခက်က ကျန်တဲ့ ကောင်တွေ ကို လှမ်းကြည့်လိုက်သည်။ ကျန်တဲ့သုံးယောက် လောက်က ဧကရီ့ကို ငေးကြည့်နေရာမှ မင်းခက်အကြည့်ကြောင့် ကမန်းကတန်းနှင့်....

"ဟုတ်ပါတယ် ကရေအီရယ် ခွင့်လွှတ်လိုက်ပါနော်"

"ဘာကရေအီလဲ။ ဧကရီပါ"

ကက်သရင်းက ဝင်ပြောတော့ အားလုံး မျက်နှာတွေ ပျက်သွားပြီး....

"ဆောရီး.....ဆောရီး၊ ယောင်သွားလို့.....ဧကရီလို့ ပြောတာပါ ......နော်"

ဧကရီ ရယ်ချင်သွားသည်။ အူတိအူကြောင်နှင့် ဘယ်လိုလူတွေ လဲဟု စိတ်ထဲမှာ တွေးရင်းရယ်ချင်စိတ်ကို ထိန်းလိုက်ရ၏ ။

မင်းခက်ရင်ထဲမှာ တော် တော် အားနာသွားခြင်း ဖြစ်၏ ။ မိန်းကလေး တစ်ယောက် အတွက် လူလယ်ခေါင်မှာ ထဘီပြုံသွားခြင်းသည် ထိုမိန်းကလေးအတွက် တော် တော် ရှက်ဖို့ကောင်းကြောင်း သူသိသည်။ သူ့လိုယောကျ်ားကြီး တစ်ယောက် ပုဆိုးကွဲသွားရင်တောင် ဘာလုပ်လို့ လုပ်ရမှန်း သိမည် မဟုတ်။

ဆူစီနဲ့ ကက်သရင်းက ဧကရီကိုကြည့်ကာ မသိမသာ ခေါင်းညိတ်ပြကြသည်။ သူတို့ဘက်က တောင်းပန်နေပြီဆိုတော့ ကိုယ့်ဘက်က ခွင့်လွှတ်စရာရှိ

ခွင့်လွှတ်လိုက်ပါဆိုသည့် သဘော။

ဧကရီက သက်ပြင်းတစ်ချက်ချကာ...

“ထားပါတော့၊ ဒါပေမယ့် စိတ်ထဲမှာ တော့ ကျေနပ်သေးတာ မဟုတ်ဘူး”

မင်းခက်တို့လေးယောက် လုံး တော် တော် ပျော်သွားကြသည်။ ထိုအထဲတွင် မင်းခက်က အပျော်ဆုံး ဖြစ်သည်။

“ကဲ....ဒီကညီမလည်း ခွင့်လွှတ်လိုက်ပြီဆိုတော့ အားလုံး အဆင်ပြေပြီပေါ့.... ဟုတ်လား၊ အဲဒီ တော့ အဆင်ပြေသွားတဲ့ အထိန်းအမှတ်နဲ့ ထုံးစံအတိုင်း ဒီက မင်းခက်က အခုညီမတို့စားတာ သောက်တာတွေ ကို ဒကာခံမယ်တဲ့ဗျာ”

စိုးငယ်ရဲ့ စကားအဆုံး ချစ်ထူးနဲ့ ဝဏ္ဏက ဟေး ဟု ထအော်ကြ၏ ။ မင်းခက်က မျက်စိပျက် မျက်နှာပျက်နှင့် လှည့်ကြည့်၍ ....

“ဟာ....ငါ့မှာ ပိုက်ဆံမပါဘူးကွ”

“မပါလည်း ချေးကွာ”

“ငါချေးရင် မင်းစားမှာ လား”

“ထွီ....ယုတ်မာလိုက်တာ”

“ဟုတ်တယ်....ငါ့မှာ တကယ်မပါဘူး”

“ဒါဆို ချစ်ထူး မင်းမှာ ပါလား”

ချစ်ထူးကလည်း မျက်နှာငယ်နဲ့ ခေါင်းခါပြသည်။ ဝဏ္ဏကလည်း လက်ခါပြ၏ ။ ထို့နောက် အားလုံး ပါလာတဲ့ ပိုက်ဆံလေးတွေ ကို စုလိုက်ကြသည်။လေးယောက် ပေါင်းမှ သုံးထောင်။

ဧကရီတို့အုပ်စုက သူတို့လုပ်တာကိုင်တာတွေ ကို အူတူတူနဲ့ လိုက်ကြည့်နေမိ၏ ၊

ခဏနေတော့ မင်းခက်က ထောင်တန်လေး သုံးရွက်ကို ကိုင်၍ ...

"အပြီး....အခုတော့ အားလုံးစုလိုက်တာ ဒါပဲပါတယ်"

ဟိုဟာလေ....လိုတာ ခဏစိုက်ပေးပါလား၊ မနက်ဖြန် ပြန်ပေးမယ်နော်

ဧကရီတို့သုံးယောက် လုံး ခစ်ခနဲ ရယ်လိုက်ကြသည်။မင်းခက်တို့ လေးယောက် လုံးကို ကြည့်၍ သနားသွားမိသလိုလည်း ဖြစ်သွားကြ၏ ။ ထို့ကြောင့် ဧကရီက....

"ကဲပါ မပါလည်း ရပါတယ်၊ ရှင်တို့ ဘာစားပြီးကြပြီလဲ"

"ဘာမှ မစားရသေးဘူး"

အားလုံးသံပြိုင်...

"ဒါဆိုလည်း အငတ်ဘေး ဖြစ်နေတဲ့ လူတွေ ကို ကျွန်မကပဲအလှူလုပ်တယ်လို့ သဘောထားလိုက်ပါတယ်။ ကဲလာကြ....ကဲလာကြ"

မြန်လိုက်တဲ့ကောင်တွေ ၊ အားလုံး ထိုင်ခုံတွေ ယူပြီး နေရာယူလိုက်ကြ၏ ။ မင်းခက်က စိုးငယ်တို့ကိုကြည့်၍ ......

"မင်းတို့က အားနာစရာ"

"အားနာရင် မင်းလည်း ဘာလို့ ဝင်ထိုင်နေလဲ"

မင်းခက် ရယ်ဖြဲဖြဲ လုပ်လိုက်၏ ။ ထို့နောက် ဧကရီတို့ကို အားနာတဲ့အကြည့်နဲ့ လိုက်ကြည့် လိုက်သည်။

ဧကရီက.....

"စားပါ....စားပါ၊ ကျွန်မကပဲ ကျွေးလိုက်ပါ့မယ်"

"ဟေး"

စိုးငယ်တို့ကို ထအော်လိုက်ချိန်တွင် ဘာရယ်မဟုတ် အားလုံးရင်ထဲမှာ

ပျော်ရွှင်သွားကြ၏ ။ ထို့နောက် စားသောက်စရာများ ကို သူတို့အလုအယက် မှာလိုက်ကြပါတော့သည်။

ဧကရီတို့ ကတော့ သူတို့တွေ ကို ပြုံး ပြုံး ပြုံး ပြုံး နဲ့ ကြည့်လျက်။

*